



# ကိုယ်တွေ့ MBA



ခင်မောင်ညို(ဘောဂဗေဒ)

mgyoe.com




အီကောနောမစ်မဂ္ဂဇင်းမှ
ကမ္ဘာတစ်ဝှမ်း ရေပန်းစားနေသော
အမ်ဘီအေဘွဲ့နှင့်ပတ်သက်သည့်
ပညာရပ်နှင့် ပညာသင်
အတွေ့အကြုံဆောင်းပါးများ
စုစည်းမှု

KMN0033
2,500.00 KS

mgyoe.com

ကိုယ်တွေ့ MBA
ခင်မောင်ညို(ဘောဂဗေဒ)

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၇၃၆ ၀၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၇၉၃ ၀၆၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အောင်ဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၃၃၀.၉
ခင်မောင်ညို(ဘောဂဗေဒ)
ကိုယ်တွေ့ MBA /
ခင်မောင်ညို(ဘောဂဗေဒ) -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁၊
စာမျက်နှာ ၁၇၅ မျက်နှာ၊
၁၄.၅ စင်တီ x ၂၁ စင်တီ
(၁) ကိုယ်တွေ့ MBA

၂၀၁၁၊ ဩဂုတ်လ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

mgyoe.com

mgyoe.com

# MBA

## မာတိကာ


| | | |
|---|---|---|
| ၁။ | စီးပွားရေးအကြပ်အတည်းနှင့် စီးပွားရေးသမိုင်း | ၁ |
| ၂။ | ပျော်စရာလား | ၄ |
| ၃။ | အာဖရိကရောက် တရုတ်စီးပွားရေးလုပ်ငန်းတက္ကသိုလ် | ၇ |
| ၄။ | နာမည်ကျော်လျှင် | ၁၀ |
| ၅။ | အမ်ဘီအေနှင့် အိုင်တီ | ၁၃ |
| ၆။ | စီးပွားရေးအကျပ်အတည်းနှင့် စီးပွားရေးပညာ | ၁၆ |
| ၇။ | ကိုယ်တွေ့ဟားဗဒ် — | ၁၉ |
| ၈။ | ဥရောပအမ်ဘီအေနှင့် သိပ္ပံသုတေသန | ၂၃ |
| ၉။ | ပထမသတင်း၊ ဒုတိယသတင်း | ၂၆ |
| ၁၀။ | အမ်ဘီအေပါမောက္ခများ၏ သုတေသန | ၂၉ |
| ၁၁။ | အမ်ဘီအေဝင်ခွင့်မေးခွန်းသစ် (၂၀၁၂) ခုနှစ်တွင်ထွက်မည် | ၃၄ |
| ၁၂။ | အိန္ဒိယ–အမ်ဘီအေ | ၃၇ |
| ၁၃။ | ဘယ်နေရာသွားကျောင်းတက်ကြမလဲ? | ၄၀ |
| ၁၄။ | ကိုယ်တွေ့အမ်ဘီအေ | ၄၄ |
| ၁၅။ | ခေတ်ပြောင်းအမ်ဘီအေ | ၄၇ |
| ၁၆။ | ထင်သာမြင်သာနှင့်မှန်မှန်ကန်ကန် | ၅၀ |
| ၁၇။ | အဝေးသင် အမ်ဘီအေ (၁) | ၅၃ |
| ၁၈။ | အဝေးသင် အမ်ဘီအေ (၂) | ၅၆ |
| ၁၉။ | အဝေးသင် အမ်ဘီအေ (၃) | ၅၉ |
| ၂၀။ | အဝေးသင် အမ်ဘီအေ (၄) | ၆၂ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၂၁။ | အဝေးသင် အမ်ဘီအေ | (၅) | ၆၅ |
| ၂၂။ | အဝေးသင် အမ်ဘီအေ | (၆) | ၆၈ |
| ၂၃။ | ဒေါ်မမ၊ ဟောလီးဝုဒ်နှင့် ဟားဗဒ်အကြောင်း | | ၇၂ |
| ၂၄။ | အမ်ဘီအေ ကျောင်းများ၏ အဆင့်အတန်း | | ၇၆ |
| ၂၅။ | အမျိုးသမီးဦးရေ နည်းသည့် အမ်ဘီအေ | | ၈၀ |
| ၂၆။ | အမ်ဘီအေသင်တန်းမှ အကျိုးအမြတ် အများဆုံးရှိအောင် ဆောင်ရွက်ခြင်း | | ၈၄ |
| ၂၇။ | လန်ဒန်အမ်ဘီအေကျောင်းသား | | ၈၇ |
| ၂၈။ | အမ်ဘီအေကျောင်းသားတစ်ယောက်၏ ဘဂ်လားဒေ့ရှ်ခရီး | | ၉၀ |
| ၂၉။ | ကိုရီးယားနိုင်ငံနှင့် အမျိုးသမီးဝန်ထမ်းပြဿနာ | | ၉၄ |
| ၃၀။ | ဆိုမာလီနှင့် စီမံခန့်ခွဲမှု | | ၉၈ |
| ၃၁။ | အမ်ဘီအေဒိုင်ယာရီ–ခရီးဆုံးပြီ | | ၁၀၂ |
| ၃၂။ | လုပ်ငန်းငယ်တိုင်းမလှပါ | | ၁၀၆ |
| ၃၃။ | လုပ်ငန်းရှင်များ မွေးထုတ်ရ မရ | | ၁၁၀ |
| ၃၄။ | စီးပွားရေးအကြပ်အတည်းနှင့်အမ်ဘီအေ | | ၁၁၃ |
| ၃၅။ | ဘောဂဗေဒနှင့် ကိုယ်ကျင့်တရား | | ၁၁၇ |
| ၃၆။ | ကိုယ့်ဈေးနှုန်းနှင့်ကိုယ် | | ၁၂၁ |
| ၃၇။ | အမ်ဘီအေသင်တန်းမတက်မီ အနည်းဆုံး နှစ်ကြိမ် နှစ်ခါ စဉ်းစားပါ | | ၁၂၄ |
| ၃၈။ | တရုတ်နိုင်ငံ စီးပွားရေးလုပ်ငန်း ပညာသင်တက္ကသိုလ်အတွေ့အကြုံ | | ၁၃၀ |
| ၃၉။ | MBA ဘွဲ့ရရင် ဘာဖြစ်မလဲ | | ၁၃၃ |
| ၄၀။ | MBA သင်တန်း လျှောက်ထားပုံ လျှောက်ထားနည်း | | ၁၃၇ |
| ၄၁။ | စီးပွားရေးလုပ်ငန်းများကစီးပွားရေးအဆောက်အအုံကို ဒုက္ခပေးခြင်း | | ၁၄၁ |
| ၄၂။ | ဩဇာကြီးမားသော ဘောဂဗေဒပညာရှင်များ | | ၁၄၅ |
| ၄၃။ | ဘောဂဗေဒနှင့် အမ်ဘီအေ | | ၁၄၈ |
| ၄၄။ | ထည့်တွက်ရမည့် နိုင်ငံရေးစွန့်စားမှု | | ၁၅၃ |
| ၄၅။ | ကောလာဟာလများ | | ၁၅၇ |
| ၄၆။ | အနုပညာနှင့် စီးပွားရေးလုပ်ငန်း | | ၁၆၀ |
| ၄၇။ | ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ဆက်ဆံရေး | | ၁၆၃ |
| ၄၈။ | ဖရိုဖရဲ သီအိုရီ | | ၁၆၅ |
| ၄၉။ | စီးပွားရေးလုပ်ငန်းများကို လွှတ်ပေးခြင်း | | ၁၆၉ |


mgyoe.com

mgyoe.com

# စီးပွားရေးအကျပ်အတည်း
# စီးပွားရေးသမိုင်း

မကြာသေးမီက ဖြစ်ပွားခဲ့သော စီးပွားရေး အကျပ်အတည်းတွေ့ကြုံရမည်ကို မည်သူမျှ မသိဟု ယုံတမ်းစကားတစ်ခုထွက်ပေါ်ခဲ့သည်။ တကယ်တော့ ဘောဂဗေဒ ပညာရှင်အတော် များများက ကြိုမြင်ခဲ့ကြပါသည်။ ကမ္ဘာတစ်ဝန်းတစ်ဖက်စောင်းနင်းတွေဖြစ်နေပြီ၊ ဘဏ္ဍာရေး ပြုပြင်ညှိနှိုင်းမှုတွေ လိုအပ်နေပြီဆိုသည်ကို တဖွဖွပြောခဲ့ကြသည်။

လွန်ခဲ့သောနှစ်ပေါင်း (၂၀၀) ကျော်က ကမ္ဘာဆန်လာခဲ့သည့် ဖြစ်ရပ်နှင့် နှိုင်းယှဉ်ပြီး လွန်ခဲ့သော (၁၀) နှစ်အတွင်းက ကမ္ဘာဆန်လာခြင်းသည် ဒုက္ခရောက်တော့မည်၊ စီးပွားရေးကျမည်၊ ဘဏ္ဍာရေးအဖွဲ့အစည်းတွေ ပြိုလဲတော့မည်၊ နိုင်ငံတကာ ကုန်သွယ်ရေး တင်းမာမှုတွေ ဖြစ်တော့မည်၊ နိုင်ငံရေးကဘဏ္ဍာရေးကို လွှမ်းမိုးတော့မည် ဟူသော ဟောကိန်းတွေကို ၂၀၀၂ ခုနှစ်လောက်ကတည်းက ပြောဆိုခဲ့သူတွေရှိသည်။ ယုတ်စွအဆုံး၊ အနည်းဆုံး၊ ဘဏ်လုပ်ငန်းရှင် တစ်ယောက်တော့ ထောင်ကျဦးမည်ဟုပင် တွက်ခဲ့ရာ ဘယ်လိုလုပ်သိနေရသနည်းဟူသော မေးခွန်းတွေလည်း ပေါ်ပေါက်ခဲ့သည်။

တကယ်တော့ ဘာမျှခက်ခက် ခဲခဲမဟုတ်၊ နည်းပညာအသစ်အဆန်းတွေ၊ ရှုပ်ရှုပ်ထွေးထွေးကိရိယာတွေလည်း

လူအတော်များများက စီးပွားရေးအဆောက်အအုံကို သုံးသပ်ရာ၌ လက်တွေ့လောက၏ ရှုပ်ထွေးခက်ခဲပုံကို ကြည့်မြင်ဖို့ မေ့နေကြပုံရသည်။ ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပြီး နောက်ပိုင်းတွင် ဘောဂဗေဒဘာသာရပ်သင်ကြားပို့ချပုံသာမက လူတွေတွေးပုံ ခေါ်ပုံကိုပါ ပြန်လည်စဉ်းစားသုံးသပ်ရန် အချိန်ကောင်းဖြစ်သည်ဟု ရှုမြင်ကြသည်။

mgyoe.com

မလိုအပ်၊ သမိုင်းကြောင်းကို နည်းနည်းပါးပါးသိလျှင်လုံလောက်ပြီ။ ၁၉၁၄ ခုနှစ်တွင် ခါးပြတ်ရပ်သွားသော ကမ္ဘာဆန်လာ သည့် သံသရာတစ်ခုမှ လွဲ၍ ယခင်က ကြုံတွေ့ခဲ့ရသော ကမ္ဘာဆန် သံသရာအားလုံးသည် အဆုံးသတ်ပုံသတ်နည်းတူကြသည်။ နောက်ဆုံးကြုံတွေ့ခဲ့ရသော ကမ္ဘာဆန်လာသည့် သံသရာသည်လည်း ယခင် သံသရာတွေနှင့် အခြေခံချင်း လုံးဝ ကွဲလွဲမှုမရှိ။

စီးပွားရေးပညာရှင်တွေ၊ ဘဏ် လုပ်ငန်းရှင်တွေ မူဝါဒချမှတ်သူတွေ အတော်များများက အကျပ်အတည်းနှင့်ပတ်သက်၍ အငိုက်တွေ့ခဲ့ကြသော်လည်း စီးပွားရေးနှင့် ဘဏ္ဍာရေး သမိုင်းအကြောင်း အသေအချာ သိသူတွေအတွက် အကျပ်အတည်းကို လွဲရှောင်၍မရကြောင်း သဘောပေါက်ထားကြပြီးဖြစ်သည်။

သို့ဖြစ်၍ စီးပွားရေး ဘာသာရပ်များကို သင်ကြားရာတွင် သင်္ချာ ဘာသာရပ်ကို တတ်ကျွမ်းသင့်သော်လည်း သိပ်ပြီးအလေးပေးရန်မသင့်၊ စီးပွားရေးသမိုင်းကို သင်ပေးရမည်။ စီးပွားရေးသမိုင်းဆိုသည်မှာလည်း လွန်ခဲ့သည့် အနှစ်နှစ်ဆယ်သုံးဆယ်မျှ လောက်ကိုသာ ဆိုလိုခြင်းမဟုတ်ပေ။

သမိုင်းကို အားသန်ကြသူများက ယခုကဲ့သို့ အမေရိကန်ဘဏ္ဍာရေး လောကကို ထောက်ပံ့ကြေးတွေအခမဲ့ ဖုံးပေါလအောပေးနေလျှင် အနာဂတ်တွင်လည်း အကျပ်အတည်းတွေ၊ စီးပွားရေးကျဆင်းမှုတွေ လာဦးမည်ဟု အနာဂတ်အတွက် ကြိုတင်၍ ဟောကိန်းထုတ်သည်ကိုလည်း တွေ့ရသည်။ လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာက နိုင်ငံတွေ ကြွယ်ဝအောင် လုပ်ပေးခဲ့ရာတွင် သစ်တောများ၏ အခန်းကဏ္ဍကို မမေ့သင့်။ ယခု အကျပ်အတည်းများဖြစ်ရခြင်းမှာ ရရှိနိုင်သော သယံဇာတစွမ်းအားစုတွေ လျော့နည်းသွားခြင်းကြောင့်ဖြစ်သည် ဟုဆိုပြီး ထောက်ပြသည်။

စီးပွားရေးသမိုင်းအကြောင်း ပြန်သင်သင့်သည်ဟု ပြောလာကြချိန်တွင် စီးပွားရေး သမိုင်းပါမောက္ခ များများစားစား ရှိကြပုံမရ။ ယခုမှ မွေးယူမည် ဆိုလျှင်လည်း အချိန်အတော်ကြာအောင် စောင့်ဆိုင်းရဦးမည်။ ပြီးတော့ ဘောဂဗေဒပညာရှင်တွေ ကိုယ်တိုင်က ကိုယ်နှင့် မတူသည့် သူတွေကို မျိုးသုဉ်းအောင် ဖယ်ရှားပစ်နေသည်ဟု စွပ်စွဲကြသည်။

တကယ်တော့ သမိုင်းသာမက လူတွေ၏ ကြောင်းကျိုးဆင်ခြင်မဲ့တတ်သော သဘော၊ သူတို့၏ အသိအမြင်များ အကန့်အသတ်ရှိပုံတို့ကိုလည်း လေ့လာသင့်သည်ဟု အကြံပြုကြသည်။ သမိုင်းကို သေသေချာချာ လေ့လာလျှင်လည်း လူတွေ၏ ကြောင်းကျိုးဆင်ခြင်ဉာဏ်မဲ့မှု၊ အသိဉာဏ်၏ အကန့်အသတ်ရှိမှုတို့ကို နားလည်သဘောပေါက်နိုင်သည်။

လူအတော်များများက စီးပွားရေးအဆောက်အအုံကို သုံးသပ်ရာ၌ လက်တွေ့လောက၏ ရှုပ်ထွေးခက်ခဲ ပုံကို ကြည့်မြင်ဖို့ မေ့နေကြပုံရသည်။ ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပြီးနောက်ပိုင်းတွင် ဘောဂဗေဒဘာသာရပ် သင်ကြားပို့ချပုံသာမက လူတွေတွေးပုံ ခေါ်ပုံကိုပါ ပြန်လည်စဉ်းစားသုံးသပ်ရန် အချိန်ကောင်းဖြစ်သည်ဟု ရှုမြင်ကြသည်။

ကိန်းဂဏန်းများ စီးပွားရေးပုံစံများ ချမှတ်ရာ၌ ကိန်းဂဏန်းချ၍ မရသောကိစ္စများ၊ မျှော်လင့်မထားသော ကိစ္စတွေ မပါဝင်၊ ကိုယ့်ပုံစံထဲတွင် အကုန်လုံးကို ထည့် စဉ်းစား၍မရသဖြင့်


mgyoe.com

mgyoe.com

အလွှန်အကျူး အားကိုး၍မရ။ သမိုင်း ကြောင်း၊ ယဉ်ကျေးမှု၊ လူမှုရေး၊ နိုင်ငံရေးတို့ကိုပါ ထည့် စဉ်းစားရန် လိုသည်။

အခြားပြဿနာတစ်ခုမှာ သီအိုရီကိစ္စတွင် ပျံနေအောင် တော်သော ပညာရှင်တွေက ပြင်ပလောကကို စိတ်မဝင်စား၊ မူဝါဒချမှတ်မှု၊ ပြည်သူလူထုကို ပညာပေးမှုတို့တွင် မမွေ့လျော်။ တကယ်တော့ နိုင်ငံရေးသမားတွေ ကိုယ်တိုင်က ဘောဂဗေဒတွေ၊ စီးပွားရေးပညာတွေကို နားလည် သဘောပေါက်ရန် လိုအပ်ရာ၊ သူတို့ကို သင်ပေးမည့်သူတွေလည်းရှိရန် လိုအပ်သည်။ ပြည်သူ လူထုသိရန် သင်ပေးမည့်သူတွေလည်း လိုအပ်သည်။

ဘောဂဗေဒ ဆိုသည်မှာ တကယ့်ပြည်သူ တွေ၏ ဘဝနှင့် ဆက်စပ်နေရာ နားလည်ထားလေပိုကောင်းလေ ဖြစ်သည်။




အချို့ ဝေဖန်သူတွေကတော့ စီးပွားရေးသမိုင်းမျှသာမက အခြား သမိုင်းဘာသာရပ်တွေကိုလည်း သိစေလိုသည်။ သို့မှသာ လက်ရှိအခြေ အနေတွေကို မျှမျှတတ မြင်တတ်မည်ဟု သုံးသပ်သည်။

နောက်ဆုံး၌ "မငြိမ်းမိ– မီးထတောက်မည်" ဟူသော စကားကဲ့သို့ တစ်ခုခုမကျမီ အစွမ်းကုန်တက်၊ မာနတွေတက်ခဲ့ကြခြင်းဖြစ်ရာ စီးပွားရေး ပညာရပ်ကို လေ့လာရာတွင် လောဘ၊ အတ္တတို့၏ ဖျက်ဆီးတတ်သော သဘောကိုပါ နားလည်ထားသင့်ကြောင်းဝေဖန်ကြသည်။

❂

mgyoe.com

mgyoe.com

# ပျော်စရာလား

၁၉၆၀ ပြည့်လွန်နှစ်များက ကြော်ငြာလုပ်ငန်းတွေ အကြောင်း ရိုက်ထားသော "လူရူး" အမည်ရှိ ရုပ်မြင်သံကြား ဇာတ်လမ်းတစ်ခုရှိသည်။ ထိုဇာတ်ကားကို ကြည့်ပြီးသောအခါ နှစ်ပေါင်းများစွာအတွင်း ရုံးတွေမှာ အလုပ်လုပ်ပုံ သိသိသာသာ ပြောင်းလဲလာသည်ကို တွေ့ရသည်။ အထင်ရှား အသိသာဆုံး တစ်ချက်မှာ အမျိုးသမီးတွေကို အောက်တန်းစား၊ ဒုတိယ တန်းစား နိုင်ငံသားတွေအဖြစ် ဆက်ဆံမှုမရှိတော့ခြင်း ဖြစ်သည်ဟု ဆိုသည်။ သို့သော် အခြားအပြောင်းလဲ တစ်ခု ကတော့ သိပ်မကောင်း၊ ရုံးတွေမှာ ပျော်ပျော်ရွှင်ရွှင် မနေတတ် ကြတော့ဟု ဆိုသည်။

> ယနေ့ခေတ်တွင် ကုမ္ပဏီ အတော်များများက အပျော်အပါး မက်လာကြပြန်သည်။ ဆီလီကွန်တောင်ကြားက ကွန်ပျူတာအပျော့ထည် လုပ်ငန်းတွေ ဆိုလျှင် ကျောက်တောင် တက်ရသည်နှင့် တူသော နံရံတွေကို ညှိခန်းထဲမှာ တပ်ဆင်ထားသည်

၁၉၆၀ ပြည့်လွန်နှစ်များက ကြော်ငြာသမားတွေ အတွက် ရိုးရိုးရှင်းရှင်း ပျော်စရာတွေ အများကြီးရှိသည်။ ကိုယ့် စားပွဲမှာ ကိုယ်ကြိုက်သလို ဖွနိုင်သည်။ တစ်နေ့လုံး အရက် သောက်နိုင်သည်။ လုပ်ဖော်ကိုင်ဖက်တွေနှင့်လည်း ရှုပ်ချင်ရှုပ်၊ ပွေချင်ပွေမည်။ တစ်ယောက်နှင့် တစ်ယောက် နှောင်ဖွဲ့ရန် ပေါင်းကြသင်းကြခြင်းမဟုတ်၊ အရက်သောက်ရန်အတွက် ပေါင်းကြသင်းကြခြင်း ဖြစ်သည်။

ယနေ့ခေတ်တွင် ကုမ္ပဏီ အတော်များများက အပျော် အပါး မက်လာကြပြန်သည်။ ဆီလီကွန် တောင်ကြားက ကွန်ပျူတာ အပျော့ထည်လုပ်ငန်းတွေ ဆိုလျှင် ကျောက်တောင်

mgyoe.com

mgyoe.com


တက်ရသည်နှင့် တူသောနံရံတွေကို ဧည့်ခန်းထဲမှာ တပ်ဆင်ထားသည်။

ရုံးခန်းတွေထဲမှာ လေမှုတ် အရုပ်တွေ ထည့်ထားပေးသည်။ ဝေါလ်မတ် ကုန်တိုက်က ငွေကိုင် စာရေးတွေ အမြဲတမ်း ပြုံးနေဖို့ ညွှန်ကြားသည်။ ပျော်စရာကောင်းရမည် ဟူသောဝါဒက ကူးစက် ရောဂါတစ်ခုလို ပျံ့နှံ့နေသည်။ အမေရိကန် ကုမ္ပဏီတစ်ခုဆိုလျှင် ပျော်ရွှင်ရေးအရာရှိချုပ် (Chief Fun Officer)ကိုပင် ခန့်ထားသည်။ ကနေဒါပိုင် အမေရိကန်လုပ်ငန်းခွဲတစ်ခုဆိုလျှင် အောင်မြင်သော ဝန်ထမ်းတွေ အထိတ်တလန့်ဖြစ်အောင် ဝတ်စုံအထူးအဆန်း ဝတ်သူတွေကို အုပ်စုလိုက် လွှတ်ပေးသည်။

လုပ်ငန်းထဲတွင် ပျော်ရွှင်ရေး အစီအစဉ်များသည် ယခုအခါ စီးပွားရေး လုပ်ငန်းတစ်ခု ဖြစ်လာနေပြီ။ ကုမ္ပဏီကအရာရှိကြီးတွေကို ပျော်ရွှင်ရေး နည်းနာနိဿယတွေ၊ စီးပွားဖြစ် သင်ပေးနေကြပြီ။ အလုပ်ခွင်မှာ ပျော်ကို ပျော်ရမည်။ နေ့လည်စာစားချိန်မှာ ကစားနည်းတွေ ဆော့ကစားကြရသည်။

ဂူးဂဲလ်ကုမ္ပဏီ၏ရုံးခန်းများတွင် ဘော်လီဘောကွင်းတွေ ရှိသည်၊ စက်ဘီးစီးလမ်းတွေ ထည့်ထားသည်။ အုတ်လမ်းတွေခင်းသည်။ ဒိုင်နိုဆော အရုပ်တောင် ထည့်လိုက်သေးသည်။ အခြား ကစားစရာတွေလည်း ရှိသည်။ Twitter ကုမ္ပဏီက ဝန်ထမ်းတွေကို နွားကျောင်းသား အဝတ်အစားတွေ ပေးဝတ်သည်။ အခြားလူတွေ ပျော်အောင်လုပ်ပေးရန် ဆိုသည့် တာဝန်ပေးကာ ခန့်ထားသူ တွေရှိသည်။ ဥပမာ– ရာသီဥတု ပူပြင်းသောနေ့တွင် ရေခဲစိမ်တဘက်တွေ လိုက်ကမ်းရမည်။ ဝန်ထမ်းတွေ ပျော်အောင်လုပ်ပေးရသည်။ ကုမ္ပဏီ၏ အဓိကတာဝန်တစ်ခုဖြစ်သည်ဟု ဆိုသည်။

အထက်လူကြီးက ကတုံးပြောင်အောင် ရိတ်ထားကာ ပျော်ရွှင်ခြင်းသိပ္ပံ ပညာကို တမင် သက်သက် အချိန်ပေး လေ့လာသည်။ ဝေါဒစ္စနေ ကုမ္ပဏီက သူတို့နေရာသည် ကမ္ဘာပေါ်တွင် ပျော်စရာအကောင်းဆုံး နေရာဖြစ်သည်ဟု ကြော်ငြာသည်ကို စော်စော်ကားကား ကြော်ငြာဟု ယူဆကာ တရားစွဲချင်စိတ် ပေါက်သည်ဟုပင်နောက်ပြောင်သည်။ ဆူဆူညံညံ အလုပ်လုပ်တတ် သူများထဲမှ တစ်ဦးကို ထူးချွန်သူအဖြစ် ရွေးချယ်ကာ ချီးမြှောက်တတ်သည်။ ချီးမြှောက်ပုံ၊ ချီးမြှောက်နည်းမှာ ကြောင်တောင်တောင် ဦးထုပ်တစ်လုံးကို တစ်ပတ်လုံး ဆောင်းခိုင်းထားခြင်း ဖြစ်သည်။

ဤပေါက်တတ်ကရ လုပ်ရပ်တွေက အကြောင်းမဲ့ ပေါ်ပေါက်လာခြင်း မဟုတ်ပေ။

လုပ်ပိုင်ခွင့် လွှဲပေးရေး၊ကိုယ်တိုင် ပါဝင်လုပ်ကိုင်စေရေး၊ တီထွင်ဖန်တီးမှု ရှိရေးဟူသော စီမံခန့်ခွဲမှု ကြွေးကြော် သံတွေအောက်တွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ကုမ္ပဏီအတော်များများက ရှေ့တန်းဝန်ထမ်းတွေကို အလုပ်တာဝန်တွေ လွှဲပေးနိုင်ခဲ့သည်ဟုဆိုပြီး ဂုဏ်ယူပြသည်။ သို့သော် ဝန်ထမ်းတွေ အဆို အရ ဝန်ထမ်းများ၏ ၂၀ ရာခိုင်နှုန်းသာ သူတို့လုပ်ငန်းခွင်ထဲတွင် ထဲထဲဝင်ဝင် လုပ်နေကြသည်ဟု ဆိုသည်။

တီထွင်ဖန်တီးမှုဆိုလျှင် သာ၍ပင် နည်းဦးမည်။ မန်နေဂျာတွေက ဝန်ထမ်းတွေ

mgyoe.com

mgyoe.com

ပျော်အောင် လုပ်ထားလျှင် လုပ်သားတွေ ပို၍ပတ်သက်ပြ၊ ကြိုးစားကြမည်။ တီထွင်ဖန်တီးမှု ပိုရှိ မည်ဟု မျှော်လင့်ကြသည်။ ပြဿနာက ပျော်ရမည့်ကိစ္စကို အလုပ်ကြီး တစ်ခုလို သဘော ထားနေလျှင် ပျော်စရာမကောင်းတော့။ စိတ်ညစ်စရာပင် ဖြစ်သွားနိုင်သေးသည်။ ပျော်စရာတွေကို အတင်းအကျပ် လုပ်ခိုင်းနေခြင်းသည်လည်း မကောင်းလှ။

ပီဇာ ကုမ္ပဏီတစ်ခုကတော့ အတော်ဆုံးလည်းလုပ်၊ အပျော်ဆုံး ဖြစ်အောင်လည်း နေတတ် သော ဝန်ထမ်းတွေကို ရွေးချယ်ပျောသီး ပို့ပေးရန်အားပေးသည်။ ပျော်အောင်လုပ်ကြသည့် အထဲတွင် ရက်စက်သော ကိစ္စ တစ်ခုရှိနေသေးသည်။ ပြိုင်ဘက် ကုမ္ပဏီတွေထက် သာလွန်သော ကုမ္ပဏီတစ်ခုဖြစ်လိုသော လောဘ ဖြစ်သည်။ အုပ်စုလိုက် ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှု စွမ်းအားကိုလည်း မြှင့်တင်လိုသည်။ ပျော်လည်း ပျော်၊ ထုတ်လုပ်မှုစွမ်းအားလည်း မြင့်အောင်၊ အပင်ပန်းခံ အားထုတ်သော ကုမ္ပဏီတစ်ခု အဖြစ်ဖြင့် ဂုဏ်ယူချင်ကြပုံရသည်။

ကိုးရိုးကားယားနိုင်လှသော ကိစ္စတွေလည်းရှိသည်။ ဆေးလိပ်သောက်သူတွေကို ရာဇဝတ်သားတွေလို သဘောထားကာ ရုံးခန်းထဲမှ ဆွဲထုတ်ခြင်းမျိုး၊ နံနက်စာစားချိန်၊ နေ့လည်စာ စား ချိန်မျိုးတွေမှာပင် သောက်စားခွင့်မပြုနိုင်သည့် ကုမ္ပဏီတွေ ကြားထဲ၌ ပျော်အောင်မည်သို့ လုပ်ကြမည်နည်း။

ရာထူးအနိမ့်အမြင့်တွေကြား အချစ်ဇာတ်လမ်းခင်းကြသည်ကို လက်မခံနိုင်သည့် ကုမ္ပဏီတွေ အများကြီး။ ကာယ အိန္ဒြေပျက်အောင် နှောင့်ယှက်မှုဖြင့် စွပ်စွဲခံရပြီး ကြိတ်၍ ဖြုတ်လိုက်ရသော အမှုဆောင်အရာရှိချုပ်ပင် ရှိသည်။



တကယ်တမ်းပျော်ဖို့ထက် အတုအယောင်အပျော်တွေကို ဖန်တီးပေးသလိုဖြစ်နေသည်။ သူတို့ကို သဘောမကျ ဆန့်ကျင်ကြသည်မှာလည်း မဆန်း။ ဗွတ်အတင်း ပြုံးခိုင်းသည့် ကိစ္စ၊ လုပ်ဖော်ကိုင်ဖက် အချင်းချင်းငြိသည်ကို တားသည့် ကိစ္စ တွေအတွက် ဆန့်ကျင်မှုတွေ ကြီးမားသည်။ ၂၀၀၆ ခုနှစ်က စတိုးဆိုင်ကြီးတွေ ဂျာမနီမှ ထွက်ခွာသွားရဖူးသည်။ သို့သော် အများအားဖြင့် ဗွတ်အတင်း ပျော်ချင်ယောင်ဆောင်ခိုင်းသော ကိစ္စတွေက များနေဆဲ။ ဗွတ်အတင်းပျော်ခိုင်းသော သူတွေကို ဟားတိုက်စရာဖြစ်နေသည့် တစ်ခုကတော့ ပျော်စရာဟု ဆိုကောင်း ဆိုနိုင်သည်။ ပျော်စရာကိစ္စကို စီမံခန့်ခွဲရေး လုပ်ငန်းတစ်ခုအဖြစ် သဘောထားခံရသည်ကို သိပ်ပျော်ကြပုံမရ။



❂

mgyoe.com

mgyoe.com

# အာဖရိကရောက် တရုတ်စီးပွားရေးလုပ်ငန်း တက္ကသိုလ်

တရုတ်တို့က အာဖရိကတွင် နေရာယူပုံနှင့် ပတ်သက်၍ ထင်ရှားသော သာဓက တစ်ခုမှာ အစိုးရက တစ်စိတ် တစ်ဒေသ စီမံအုပ်ချုပ်သော တရုတ်ဥရောပနိုင်ငံတကာ စီးပွားရေးလုပ်ငန်းတက္ကသိုလ်တွင် ယခုနှစ်ဘွဲ့ရ ကြသော အမှုဆောင်အရာရှိများပင်ဖြစ် သည်။ ရှန်ဟိုင်းရှိ တက္ကသိုလ်ဘွဲ့နှင်း သဘင်တွင် အာရှတိုက်သားတွေ အပြင် ဂါနာနိုင်ငံသား ၃၀ နှင့် နိုက်ဂျီးရီးယားနိုင်ငံသား ၁၂ ယောက်လည်း ပထမဆုံးဘွဲ့ရကြသည်။

၂၀၀၉ ခုနှစ်က ဂါနာနိုင်ငံ၏ မြို့တော်အာကရာ၌ စတင်ခဲ့သော အစီအစဉ်သည် အာဖရိက ဆဟာရဒေသခွဲတွင် ထင်ရှားသောတက္ကသိုလ်တစ်ခုက ပထမဆုံးပြုလုပ်သော အစီအစဉ် တစ်ခုဖြစ်သည်။ ဒေသခံနှင့် နိုင်ငံတကာ ကုမ္ပဏီတွေမှ အမှုဆောင်အရာ ရှိတွေအပြင်၊ ဂါနာပါလီမန်အမတ်နှင့် တရားသူကြီးချုပ်တို့ကိုပါ သင်တန်းသားအဖြစ် တွေ့ရပြီး၊ ဒေါ်လာ သုံးသောင်းတည်းဟူသော ကုန်ကျစရိတ်ကို ကိုယ့်ဘာသာ ကိုယ်ကျခံကြရခြင်းဖြစ်သည်။

ရှန်ဟိုင်းအခြေစိုက် ပါမောက္ခတွေ စာသင်ပေးကာ အဆောက်အအုံတွေကို ငှားရမ်းထားရသည်။ အချိန်ပိုင်းသင်တန်းဖြစ်သော်လည်း တရုတ်နိုင်ငံ၏ အကြီးဆုံးစီးပွားရေး

ဂါနာနိုင်ငံကို တရုတ်တို့ ရွေးချယ်လိုက်သော အချိန်ကလည်း အချိန်ကောင်းဖြစ်သည်။ အနောက်အာဖရိက နိုင်ငံတစ်နိုင်ငံကို ရွေးချယ်လိုက်ခြင်းမှာ အတန်အသင့် တည်ငြိမ်မှုရှိခြင်း၊ ပညာရေးကို တန်ဖိုးထားခြင်း၊ ကြီးမားသော နိုက်ဂျီးရီးယားဈေးကွက်နှင့် နီးစပ်ခြင်းတို့ကြောင့် ဖြစ်သည်

mgyoe.com

mgyoe.com

လုပ်ငန်း တက္ကသိုလ်၌ ရည်မှန်းချက်ကြီးကြီး မားမားရှိသည်။ အာကရာတွင် တက္ကသိုလ်ခွဲ အသစ်တစ်ခု ဖွင့်ကာ အချိန် ပြည့်အမ်ဘီအေ သင်တန်းတွေ ဖွင့်လှစ် ရန် ရည်ရွယ်ချက်ရှိသည်။ အာဖရိက သည် စီးပွားရေးလုပ်ငန်း ပညာသင် တက္ကသိုလ် ဖွင့်လှစ်ရန်အတွက် ကမ္ဘာပေါ်တွင် နောက်ဆုံး ဇရာမ အခွင့်အလမ်းကြီးတစ်ခု ဖြစ်သည်ဟု ရှုမြင်ထားသည်။

အာဖရိက – တရုတ်ဆက်ဆံရေးလည်း တိုးပွားနေသည်။ ကိုလိုနီခေတ် လွန်ကာလတွင် စစ်အေးကာလ တော်လှန်ရေးသမားအချင်းချင်း သွေးစည်းညီညွတ်မှုအဖြစ် စတင်ခဲ့သော ဆက်ဆံရေးမှ ယခုအခါ အာဖရိက၏ အတောမသတ် ကြွယ်ဝသော သယံဇာတများကို တရုတ်တို့၏ လိုအပ်မှုက ဆွဲတင်သော ဆက်ဆံရေး ဖြစ်လာသည်။

ဂါနာနိုင်ငံကို တရုတ်တို့ ရွေးချယ်လိုက်သော အချိန်ကလည်း အချိန်ကောင်းဖြစ်သည်။ အနောက်အာဖရိက နိုင်ငံတစ်နိုင်ငံကို ရွေးချယ်လိုက်ခြင်းမှာ အတန်အသင့် တည်ငြိမ်မှုရှိခြင်း၊ ပညာရေးကို တန်ဖိုးထားခြင်း၊ ကြီးမား သော နိုက်ဂျီးရီးယားဈေးကွက်နှင့် နီးစပ်ခြင်းတို့ကြောင့် ဖြစ်သည်။ ဂါနာနိုင်ငံသည် အခြားအိမ်နီးချင်းနိုင်ငံတွေလို ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်သောနိုင်ငံ တစ်နိုင်ငံဖြစ်နေသည်မှာ တိုက်ဆိုင်မှုမဟုတ်ပေ။ ၂၀၀၇ ခုနှစ် တွင် ကမ်းလွန်ရေနံတွင်းကို ရှာဖွေတွေ့ ရှိခဲ့ပြီးနောက် ယခုနှစ် ဇူလိုင်လတွင် နောက်ထပ်ရေနံထပ်တွေ့ခြင်းကို ဂါနာ အစိုးရပိုင် ရေနံကုမ္ပဏီနှင့် ဖက်စပ်လုပ်နေသော ဗြိတိသျှကုမ္ပဏီက ဇရာမ အပြောင်းအလဲကြီးတစ်ခုအဖြစ် ရှုမြင် ခဲ့သည်။

သို့သော် တရုတ်တို့က စီးပွားရေး အကျိုးအမြတ်မျှကိုသာ စိတ်ဝင်စားသည် မဟုတ်ပေ။ ဂါနာနိုင်ငံဖွား ပါမောက္ခက တရုတ်နိုင်ငံကို ဖွံ့ဖြိုး အောင်လုပ်ပေးခဲ့သော စီးပွားရေး လုပ်ငန်း စွမ်းဆောင်ရှင်တွေ ထွက်ပေါ်လာအောင် ဆောင်ရွက်ရာတွင် တရုတ် စီးပွားရေးလုပ်ငန်း တက္ကသိုလ် က အရေးပါသည်ဟု ဆိုသည်။ အာဖရိကကို ဥရောပတိုက်သားတွေ၊ အမေရိကန်တွေ ကိုလိုနီပြုခဲ့ သော်လည်း သိသိသာသာဖွံ့ဖြိုးမှုမရခဲ့။ လူနေမှု အဆင့် အတန်းမြင့်မားအောင် လုပ်မပေးနိုင်ခဲ့။ တရုတ်နိုင်ငံသည် လွန်ခဲ့သော အနှစ် ၃၀ အတွင်း အလွန်ဆင်းရဲသော နိုင်ငံတစ်နိုင်ငံအဖြစ်မှ အလွန်အားကောင်းသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ရာ အာဖရိက ဖွံ့ဖြိုးတိုးတက်ရေး အတွက် တရုတ်တို့၏ နမူနာကို အာဖရိကက လက်ခံကျင့်သုံးမည်ဟု သူက ဆိုသည်။

အမ်ဘီအေသင်တန်းဖွင့်ရသည့် အကြောင်းတွေကလည်း ရှိသည်။ အာဖရိကတွင် အားကိုးအားထားလောက်သော ပညာရေးစနစ် မရှိ။ တောင်အာဖရိက အပြင်ဘက်က ကျောင်း တွေကို ပညာရေးအဖွဲ့အစည်းတွေက ချိတ်ဆက်ခြင်း၊ လက်ခံအသိ အမှတ်ပြုခြင်းတွေ မလုပ်နိုင် ကြ။ ဒေသခံကျောင်းတွေမှာက ဆရာနည်းနည်း၊ ကျောင်းသားက ခပ်များများ၊ ဂါနာပညာရေး ဝန်ကြီးဌာန၏ အဆိုအရ အရည်အချင်းရှိသူ လျှောက်လွှာရှင် ၄၀% ကို အများပိုင် တက္ကသိုလ် တွေက လက်မခံနိုင်၍ ငြင်းပယ်ကြရသည်။

အချို့ ကျောင်းသားတွေက တရုတ်တက္ကသိုလ် ဖြစ်နေ၍ပင် ကျောင်းလခကြီးကြီး မားမားကြီး ပေးကြခြင်းဖြစ်သည်။ အချို့ကျောင်းသားတွေအတွက် ပို၍လက်တွေ့ဆန်သည်။

mgyoe.com

mgyoe.com
ရနိုင်သောအခွင့်အလမ်းတစ်ခုဖြစ်နေ၍ ရယူလိုက်ခြင်းဖြစ်သည်။ အာဖရိကသို့ တရုတ်ရင်းနှီးမြှုပ်နှံသူတွေ အမြောက် အများ ဝင်ရောက်လာကြသည်။ တရုတ်တက္ကသိုလ်က လေ့ကျင့်ပေးထားသော မန်နေဂျာတွေကို ထိုသူတွေက စိတ်ဝင်စားမှု ပိုရှိနိုင်သည်။ အချို့ကျောင်းသားတွေကတော့ ကမ္ဘာ့အဆင့်အတန်းမီ တက္ကသိုလ်တစ်ခု အာဖရိကတွင် လာရောက်ဖွင့်လှစ်ခြင်းကြောင့် အဝေးကြီးသွားနေစရာလည်း မလို၊ ယခုလို အချိန်မျိုးတွင် တရုတ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ကောင်းကောင်းကြီး အကျိုးဖြစ်ထွန်းနိုင်သည်ဟု တွက်ဆကြသည်။

ဂါနာအစိုးရကလည်း လက်တွေ့ကျသည်။ စီးပွားရေးလုပ်ငန်းပညာသင် တက္ကသိုလ်ကိုယ်တိုင်က စရိတ်ခံရ၊ စွန့်စားမှုတွေ လုပ်နေရသည်။ ဂါနာ စွမ်းအင် ဒုတိယဝန်ကြီးကိုယ်တိုင် ကျောင်းတက်ခွင့် လျှောက်ထားရခြင်းမှာ အရှေ့အာရှ၏ လုပ်ပုံကိုင်ပုံတွေကို လေ့လာဆည်းပူးနိုင်၍ ဖြစ်သည်ဟု ဆိုသည်။ ဂါနာလူမျိုးတွေ၏ စိတ်ဓာတ်ကို ကျယ်ပြန့်အောင် ဖွင့်လှစ်ပေးနိုင်သည်ဟု တွက်သည်။ တရုတ်နိုင်ငံ ရင်ဆိုင်ခဲ့ရသော စိန်ခေါ်မှုများသည် အာဖရိက ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် အတူတူပင်ဖြစ်ရာ တရုတ်နှင့် ဆက်ဆံပေါင်းသင်းရာမှ အကျိုးထူးတွေ ရရှိနိုင်သည်ဟု သူတို့က မျှော်လင့်ကြသည်။

ကျောင်းသားတွေနှင့် အစိုးရ၏ တရုတ်စီးပွားရေးလုပ်ငန်း ပညာသင် ကျောင်းအပေါ်သဘောထားပုံကို ကြည့်လျှင် တရုတ်နှင့် ဆက်ဆံရာတွင် သဘောထားရင့်ကျက်လာပြီဖြစ်ကြောင်း ပြသနေသည်။ရင်ဆိုင်ရမည့် အန္တရာယ်တွေကို မျက်ခြည်မပြတ်ဘဲ တန်းတူ ရည်တူ ဆက်ဆံလိုမှုကိုပြသနေသည်။ စွန့်စားရကျိုး ဘယ်လောက်နပ်မည်ကို ယခုအချိန်တွင် မပြောနိုင်သေး။ အချို့သင်တန်းသားတွေအတွက် ကုမ္ပဏီတွေက စရိတ်အကုန်အကျခံကြသည်။ တက္ကသိုလ်အနေဖြင့် လောလောဆယ်တွင် အရှုံးပြနေသဖြင့် ကျောင်းဖွင့်ရန် လှုံ့ဆော်သူတွေပင်လျှင် မဝံ့မရဲဖြင့် လုပ်ငန်းစတင်ခဲ့ရခြင်း ဖြစ်သည်။

လောလောဆယ်တွင် အာဖရိက ပါမောက္ခ တစ်ယောက်အနေဖြင့် မိမိ ၏ဇာတိရပ်ရွာတွင် တက္ကသိုလ် ပညာသင်ပေးခွင့်ရသည်။ ဒုတိယအသုတ် ကျောင်းသားခေါ်သည့်အခါ ဆဟာရဒေသခွဲက ကျောင်းသားတွေ ထပ်လာ ကြမည်ဟုမျှော်လင့်ရသည်။ ဂါနာတွင် အလုပ်လုပ်နေသော နိုင်ငံစုံ ကုမ္ပဏီကြီးတွေက ဝန်ထမ်းတွေပါမည်။ မတတ်နိုင်သူတွေ၊ အမျိုးသမီးတွေကိုလည်း ပညာသင်ဆုပေးမည်။အာဖရိက လုပ်ငန်းအတွေ့အကြုံတွေကိုလည်း လေ့လာသင်ကြားကြရမည်။ အမျိုး သမီးတွေ၊ လုပ်ငန်းငယ်တွေ၊ ရပ်ရွာ လူကြီးတွေအတွက်လည်းသင်တန်းတွေ ပေးဦးမည်။ ဥရောပနှင့် အမေရိကန် စီးပွားရေးလုပ်ငန်းတက္ကသိုလ်တွေ မဝင်ချင်သည့်နေရာတွင် တရုတ်တို့က ခပ်ရဲရဲလှမ်းနေပေသည်။

❂

mgyoe.com

mgyoe.com

# နာမည်ကျော်လျှင်

တိုးတက်ဖွံ့ဖြိုးနေသော နိုင်ငံများ၌ ရေဘုံဘိုင်ခေါင်းမှ ရေယိုထွက်နေလျှင် အိမ်ပိုင်ရှင် အတော်များများက ဘာလုပ်ရမှန်းလည်းမသိ၊ လုပ်စရာပစ္စည်းပစ္စယလည်းမရှိ။ သို့ဖြင့် ရေပိုက် ပြင်သူကို ရှာရ၊ ငှါးရသည်။ ရေပိုက်ပြင်သူသည် အရည်အချင်းရှိသူ ဟုတ်မဟုတ် အရိပ်အယောင်တစ်ခုခု၊ သင်္ကေတတစ်ခုခုကိုကြည့်ရသည်။ တစ်ခါတစ်ရံတွင် လူစိမ်း တစ်ယောက်ယောက်က ဝင်အကြံပေးတတ်သည်။ သဘောမနော‌ကောင်းသော၊ ကိုယ့်ထက် အတွေ့အကြုံရှိသော အိမ်နီးချင်းတစ်ယောက်ယောက်က အကြံပေးလျှင်ပိုကောင်းသည်။ ကိုယ့်မှာ ယခင် ကတည်းက အတွေ့အကြုံရှိပြီးသားဖြစ်လျှင် အကောင်းဆုံးဖြစ်သည်။

အစိုးရ၏ ဘက်တော်သားတွေ၊ စည်းမျဉ်းစည်းကမ်းချမှတ်သူတွေကို ရေပိုက်ပြင်သူ အမြဲလိုအပ်နေသူများသဖွယ် သဘောထားနိုင်သည်။ ဈေးကွက်တွေက အမြဲပြောင်းလဲနေသည်။ နည်းပညာတိုးတက်မှုတွေကလည်း အလွန်လျင်မြန်သည်။ ဘဏ္ဍာရေး နယ်ပယ်က ငွေချေးစာချုပ်တွေ၊ ကျန်းမာရေးလောကက ကုထုံးနည်းတွေ၊ စိုက်နည်းပျိုးနည်းတွေ၊ ကွန်ပျူတာ အပျော့ထည်တွေ၊ အစစအရာရာပြောင်းလဲနေကြသည်။ စည်းကမ်းတွေချရ၊ ထိန်းချုပ်ရသော အဖွဲ့အစည်းတွေကလည်း ဆုံးဖြတ်ချက်တွေကို

အစိုးရ၏ဘက်တော်သားတွေ၊
စည်းမျဉ်း စည်းကမ်း
ချမှတ်သူတွေကို၊
ရေပိုက်ပြင်သူ
အမြဲလိုအပ်နေသူများသဖွယ်
သဘောထားနိုင်သည်။
ဈေးကွက်တွေက အမြဲ
ပြောင်းလဲနေသည်။
နည်းပညာတိုးတက်မှု
တွေကလည်း
အလွန်လျင်မြန်သည်။
ဘဏ္ဍာရေး နယ်ပယ်က
ငွေချေး စာချုပ်တွေ၊
ကျန်းမာရေးလောကက
ကုထုံးနည်းတွေ၊
စိုက်နည်းပျိုးနည်းတွေ၊
ကွန်ပျူတာ အပျော့ထည်တွေ၊
အစစ အရာရာ
ပြောင်းလဲနေကြသည်

mgyoe.com

mgyoe.com


လျှင်လျှင်မြန်မြန်ချရသည်။ ထိုအခါ ထောက်ခံ ချက်ကောင်းကောင်းရထားသော ရေပိုက်ပြင်သမားတွေကို အားကိုးရသလို၊ နာမည်ကောင်းဖြင့် ကျော်ကြားသောကုမ္ပဏီတွေကို အားကိုးအားထားလုပ်ရသည်။

ကိုလံဘီယာတက္ကသိုလ်ပါမောက္ခတစ်ဦးက အစားအသောက်နှင့် ဆေးဝါးအုပ်ချုပ်ရေးဌာန (FDA) တွင် နာမည်ကောင်းနှင့် စည်းမျဉ်းစည်းကမ်းတို့၏ ဆက်စပ်ပုံကို စမ်းသပ်ကြည့်သည်။ ၁၉၉၀ နှင့် ၂၀၀၄ အကြား ခွင့်ပြုချက်ပေးရန် လျှောက်ထားသော ဆေးဝါးအသစ် ၈၈၄ မျိုး၏ လျှောက်လွှာများကို ဆန်းစစ်ကြည့်သည်။ ကုမ္ပဏီတစ်ခုနာမည်ကောင်းဖြင့် ကျော်ကြားခြင်းသည် ဈေးကွက်ဝေစုနည်းခြင်းများခြင်း၊ ၎င်း၏ ဆေးဝါးကိုအသုံးနည်းခြင်း၊ များခြင်းတို့အပေါ်မူမတည်။

ထိုကုမ္ပဏီ၏ အသိပညာဗဟုသုတ ကျယ်ပြန့်မှုနှင့် တီထွင်ဆန်းသစ်မှုတို့အပေါ်တွင် မူတည်သည်။ ပါမောက္ခက ဆေးဝါးအသစ်ပေါ်ထွန်းရေးအတွက် အထောက်အကူပြုရာတွင် သက်တမ်းရှည်သည့် ကုမ္ပဏီ၏ လျှောက်လွှာကို အမြန်ဆုံးအတည်ပြုခံရသည်။ နာမည်မထင်ရှားသောကုမ္ပဏီဆိုလျှင် အတည်ပြုချက်ရရန် ကြန့်ကြာမည်။ မူပိုင်ခွင့်လျှောက်ထားသော ဆေးတွေအများကြီး ရှိထားခဲ့လျှင် ထိုကုမ္ပဏီသည် ပညာဗဟုသုတ ကျယ်ပြန့်သူအဖြစ် နာမည်ကောင်းရနိုင်သည်။

ပါမောက္ခ၏ တွက်ကိန်းလည်း မှန်သည်။ ကုမ္ပဏီနာမည်ကျော်လေ ခွင့်ပြုချက်မြန်မြန်ရဖို့အလားအလာများလေဖြစ်သည်။ အခြားအကြောင်းအရာတွေလည်း ရှိနိုင်သည်။ မဖြစ်သင့်ပဲ ဖြစ်ရသော ရောဂါမျိုးတွေ (ဂရုတစိုက်ကုသခြင်း မခံရသောရောဂါတွေ) အတွက် လျှောက်ထားသောဆေးအသစ်တွေသည် အတည်ပြုချက်မြန်မြန်ရကြသည်။ ဈေးကွက်မှ ဆေးတစ်မျိုးပြန်သိမ်းပြီးမကြာမီနောက်ဆေး အသစ်တစ်မျိုးထပ်မံ လျှောက်ထားက ပြန်သိမ်းသောဆေးနှင့် ဆက်နွယ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အချိန်အတော်ကြာကြာယူပြီး စစ်ဆေးခြင်းခံရမည်။ ကုမ္ပဏီကနိုင်ငံရေးအရ မည်မျှအထိ အထောက်အကူပြု၊ မပြုဆိုသော အချက်သည် အရေးမကြီး။

တစ်ဖန် ဆေးဝါးနှင့် အစားအစာ အုပ်ချုပ်ရေးအဖွဲ့တွင် စိတ်ဝင်စားစရာကောင်းသော၊ ဦးစားပေးဇယားတစ်ခုကိုလည်း သွားတွေ့သည်။ လက်ရှိကုထုံးတွေ၊ ဆေးတွေထက် သိသိသာသာ ပိုကောင်းသောဆေးကို ဦးစားပေးကာ အတည်ပြုတတ်ကြသည်။ ရောဂါတစ်ခုအတွက် ပထမဆုံးပေါ်သောဆေး (သို့) ဆေးအသစ်ကို ဦးစားပေးတတ်ကြောင်း တွေ့ရသည်။ ကုမ္ပဏီတစ်ခု၏ ဂုဏ်သတင်းကျော်စောခြင်းနှင့် ခွင့်ပြုချက်မြန်မြန်ရခြင်းတို့သည် စာရင်းအင်းသဘောအရ ပီပီပြင်ပြင် ဆက်စပ်မှုမရှိ။ ဆိုလိုသည်မှာ အခြေကျပြီးသား ကုမ္ပဏီတွေက နာမည်မကြီးသောကုမ္ပဏီတွေထက် ပိုပြီးအသုံးဝင်သော တီထွင်ဆန်းသစ်သော ဆေးဝါးတွေကို ပိုပြီး ထုတ်လုပ်နိုင်မည်ဟု မဆိုနိုင်။ နာမည်ကြီးကုမ္ပဏီများ၏ ခွင့်ပြုချက်ရပြီး ဆေးဝါးတွေထဲက ပြန်သိမ်း၍သတိပေးရသော ဆေးဝါးတွေ အများကြီးရှိသည်။ ဆိုလိုသည်က နာမည်ကျော်တိုင်းမယုံရ။ နာမည်ကျော်တွေက အချောင်စားသွားတတ်သည်။

mgyoe.com

mgyoe.com

ဤသုတေသနများက သင်ခန်းစာယူစရာတွေရှိသည်။ လက်တွေ့တွင် ဇီဝနည်းပညာကုမ္ပဏီအသစ်တွေက လက်ဟောင်းတွေနှင့် ချိတ်ဆက်ကာ မိမိတို့၏ ထုတ်ကုန်တွေ၊ ဈေးကွက်ထဲမြန်မြန်ရောက်အောင် နာမည်ကျော်အောင်ကြိုးစားလာကြသည်။ ဒုတိယသင်ခန်းစာမှာ စည်းကမ်းထိန်းချုပ်သောအဖွဲ့အစည်းတွေက အများပြည်သူ၏အကျိုးစီးပွားကို ဘယ်လောက်အကာအကွယ်ပေးနိုင်မည်နည်းဟု သံသယဖြစ်ထိုက်သလို၊ သံသယဖြစ်လာကြသည်။ ဘက်လိုက်မှုများမှတစ်ဆင့် မသမာမှု၊ လာဘ်ပေးလာဘ်ယူမှု၊ နိုင်ငံရေးအရ မသိမသာ ဖိအားပေးမှုများဖြစ်စေနိုင်သည်ဟုတော့ သူကမဆိုလို။

သတင်းအချက်အလက်တွေ တစ်ပုံတစ်ခေါင်းကြီးကို လျင်လျင်မြန်မြန်ကိုင်တွယ်ဖြေရှင်းရန် ကြိုးစားမှုကြောင့် ဤကဲ့သို့သော အားနည်းချက်တွေ ဖြစ်ပေါ်ရသည်ဟု သူကယူဆသည်။ တကယ်တော့ ပြည်သူ့အကျိုးအတွက် ဝန်ထမ်းရန် သန္နိဋ္ဌာန်ချထားသူများ၊ အကောင်းဆုံးလုပ်ဆောင်သူများ၏ အကောင်းဆုံးလုပ်ရပ်ဆိုသည်မှာလည်း တကယ်တော့ မကောင်းလှသေးဟု ပါမောက္ခက သုံးသပ်သည်။



mgyoe.com

mgyoe.com

# အမ်ဘီအေနှင့် အိုင်တီ

စီးပွားရေးလုပ်ငန်းလောကတွင် အိုင်တီစားသုံးမှုတွင်အောင်လုပ်ခြင်းဟု ခေါ်လေ့ရှိသည်။ ကိုယ့်ဘာသာ ကိုယ် အဆင့်မြင့်တယ်လီဖုန်းတွေ၊ ကွန်ပျူတာတွေ သုံးနေရုံဖြင့် မပြီးသေး။ အလုပ်ခွင်ထဲက သူများတွေကိုပါ လိုက်သုံးခိုင်းနေတတ်ကြသည်။ ယခု ထိုရောဂါက အမ်ဘီအေ ဘွဲ့ပေးသော စီးပွားရေးလုပ်ငန်း ပညာသင်ကျောင်းတွေကို ကူးစက်နေပြီ။ ပညာ လေ့လာဆည်းပူးမှုကို နည်းပညာ အသစ်များနှင့် ပေါင်းစပ်နိုင်ခြင်းကို သူများနှင့် မတူဟု ခံယူချင်ကြပုံရသည်။

အမ်ဘီအေသင်တန်းများ၏ အားသာချက်တစ်ခုမှာ ကျောင်းသားတစ်ယောက် အနေဖြင့် နည်းပညာအသစ်များကို စိတ်ကြိုက်စမ်းသပ်နိုင်သည်၊ မအောင်မြင်မှာ သူများကဲ့ရဲ့မှာကို စိုးရိမ်နေစရာမလို။ တချို့ ကျောင်းတွေဆိုလျှင် နည်းပညာ အသစ်အသုံးပြုမှုကို တမင်သက်သက်ပင် အားပေးသည်။ အမှားအယွင်း တစ်စုံတစ်ခုဖြစ်လျှင် အမှတ်လျော့ရုံထက်မပို၊ ဘဝတစ်ခုလုံးကို မထိခိုက်နိုင်။

သို့သော် နည်းပညာ အသစ် အဆန်းတွေကို စာသင်ခန်းထဲမှာ အသုံးလွန်နေခြင်းသည် အမ်ဘီအေ အတွေ့အကြုံကို လျော့ပါးစေမည်လား၊ သို့မဟုတ် တိုးပွားစေမည်လား ဆိုသည်ကို ငြင်းခုံစရာ ဖြစ်နေသည်။ အချို့ပါမောက္ခတွေကတော့ စာသင်ခန်းထဲမှာနေပြီး တစ်ချိန်လုံး စာသင်ခန်း ပြင်ပ

> အမ်ဘီအေသင်တန်းများ၏ အားသာချက်တစ်ခုမှာ ကျောင်းသားတစ်ယောက် အနေဖြင့် နည်းပညာအသစ်များကို စိတ်ကြိုက်စမ်းသပ်နိုင်သည်၊ မအောင်မြင်မှာ သူများကဲ့ရဲ့မှာကို စိုးရိမ်နေစရာမလို။ တချို့ ကျောင်းတွေဆိုလျှင် နည်းပညာ အသစ် အသုံးပြုမှုကို တမင် သက်သက်ပင်အားပေးသည်။ အမှားအယွင်း တစ်စုံတစ်ခုဖြစ်လျှင် အမှတ်လျော့ရုံထက်မပို၊ ဘဝတစ်ခုလုံးကို မထိခိုက်နိုင်။

mgyoe.com

mgyoe.com



လောကနှင့် ချိတ်ဆက်နေခြင်းကို အာရုံနောက်သည်၊ အနှောင့် အယှက်ဖြစ်သည်ဟု ယူဆသည်။ အတန်းတွင်း ဆွေးနွေးမှုတွေကို ထိခိုက် သည်ဟု ရှုမြင်သည်။ ထိုသို့ ဆိုသဖြင့် နည်းပညာ အသစ်အဆန်း သုံးစွဲမှုကို ပိတ်ပင်ခြင်းတော့ မရှိပေ။

တကယ်တော့ ကျောင်းသားတွေ ရရှိသော သတင်းအချက်အလက်တွေကို ပိုမိုစီမံ ခန့်ခွဲတတ်အောင်၊ ဘယ် နေရာရောက်ရောက် လုပ်ဖော်ကိုင်ဖက်တွေ၊ တစ်တန်းတည်းသားတွေနှင့် အဆက်အသွယ် မပြတ်အောင် အရေးကြီးသည့် စီးပွားရေးလုပ်ငန်း သင်ခန်းစာတွေကို သဏ္ဍာန်လုပ်သရုပ်ဖော်တတ်အောင် အများကြီး အထောက်အကူဖြစ်သည်။

အချို့သော နည်းပညာများဆို လျှင် စမ်းသပ်ဆဲအဆင့်မှာသာ ရှိသေးသည်။ တွင်တွင်ကျယ်ကျယ် မဖြစ်သေး။

ကျောင်းသားအချို့ကို နမူနာ ရွေးချယ်ပြီး၊ အီလက်ထရွန်းနစ်နည်းသုံးကာ စာဖတ်ခိုင်း လိုက်သည်။ ရိုးရိုး စာရွက်တွေ၊ စာအုပ်တွေမပေးလိုက်။ ကျောင်းသားတွေက ကျယ်ကျယ်ပြန့်ပြန့် သုံး၍ မရဟု မှတ်ချက်ချကြသည်။ စာရွက်သုံးရေးရ၊ ဖယားဆွဲရ၊ ပုံတွေ ဆွဲရသည်က ပိုလွယ် သည်ဟု တွက်ဆသည်။ မြန်စေချင်၍၊ အီလက်ထရွန်း နစ်နည်းသုံးခိုင်းခါမှ ပိုကြာရသည်ဟု အပြစ်တင်သည်။ အတန်းထဲမှာ စာရွက်စာတမ်း သုံးသူတွေအလုပ်ပြီးချိန်တွင် သူတို့မပြီးနိုင်ဘဲ နောက်ကျကျန် ရစ်ခဲ့ရပါသည်ဟု ဆိုသည်။ သို့သော်လည်း အချို့စီးပွားရေးလုပ်ငန်း ပညာသင် တက္ကသိုလ်တွေကတော့ ကိရိယာ အသစ်အဆန်းတွေ၊ အထူးအဆန်းတွေကို စမ်းသုံးခိုင်း နေကြဆဲဖြစ်သည်။

ဖတ်စရာတွေ တစ်ပုံတစ်ခေါင်း ကြီးအတွက် အီလက်ထရွန်းနစ်နည်း သုံး၍ ဖတ်စေချင် ရုံဖြင့်မပြီး၊ ကျောင်းသား အချင်းချင်း အဆက်အသွယ်ရစေရန် လည်း နည်းပညာအသစ်တွေသုံးကြသည်။ စာသင်

mgyoe.com

mgyoe.com


ခန်းတွေထဲမှာ ရုပ်မြင်သံကြားတွေထည့်ပေးထားသည်။ စာသင်ခန်းအပြင် ရောက်နေသည့် ကျောင်းသားတွေနှင့် အချက်အလက်တွေ၊ သဘောထားတွေဖလှယ်နိုင်သည်။ ကျွမ်းကျင်မှုတွေ သာမက စိတ်သဘောထားတွေပါ ကျယ်ပြန့်လာစေရန် နည်းပညာသစ်တွေကို အသုံးပြုသည်ဟု ဆိုသည်။ မျက်နှာချင်းမဆိုင် ဖြစ်သည့်တိုင် အဆက်အသွယ်မပြတ်စေရန်၊ နည်းပညာသစ် တွေသုံးနေကြရသည့် မန်နေဂျာတွေ၏ဘဝကို ကြိုတင် လေ့ကျင့်ပေးနေသည်။

စာသင်ခန်းတွေ၊ ရုပ်မြင်သံကြားတွေ၊ တီဗီတွေတပ်ထားကာ အဝေးရှိလူတွေ၊ ရုပ်ပုံ တွေကို တကယ့်အရွယ် အစားအတိုင်း မြင်တွေ့နိုင်အောင်၊ လောဘတကြီးလုပ်ထားသည့် စာသင် ခန်းတွေလည်း ရှိသည်။ ပါမောက္ခတွေ၏အဆိုအရ နိုင်ငံခြားမှ ပုဂ္ဂိုလ်တွေပါ စာသင်ခန်းထဲရှိ ကျောင်းသားတွေနှင့် အဆက်အသွယ်အဆက်အဆံလုပ်နိုင်အောင် လုပ်ပေးထားသည်ဟုဆိုသည်။ အခန်းတစ်ခန်းမှာ လူအများကြီး မဆန့်ခြင်းကြောင့် ပြဿနာမဖြစ်တော့။

ပြင်သစ်၊ စင်္ကာပူနှင့် အာရပ် နိုင်ငံတွင် ကျောင်းခွဲတွေဖွင့်ထားသည့် ကျောင်းတစ်ကျောင်း ကတော့ ပုံရိပ် ယောင်စာသင်ခန်းတစ်ခန်းကို တမင် ဖန်တီးထားသည်။ ဆိုက်ဘာကျောင်း တွင် ကျောင်းသားတွေ အချင်းချင်း အပြန်အလှန်ဆက်သွယ်နိုင်သည်။ စီးပွားရေးလုပ်ငန်းအချင်းချင်း အရောင်း မြှင့်တင်ပုံ၊ လုပ်ငန်းတွေက ကိုယ့်ပစ္စည်းတွေအစွဲထုတ်ပုံတို့ကို လေ့လာနိုင်သည်။

နည်းပညာသစ်တွေသုံးကာ သဘောတရားတွေ၊ သီအိုရီတွေကို လက်တွေ့ စမ်းသပ် နိုင်သည်။ လက်တွေ့ငွေကြေးနှင့် ဘဏ္ဍာရေးလောက မည်သို့အလုပ်လုပ်ကြ၊ လည်ပတ်ကြ သည်ကိုလည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

တစ်နည်းပြောရလျှင် စာသင်ခန်း အတွေ့အကြုံ၊ လက်တွေ့ လုပ်ငန်းခွင် အတွေ့အကြုံ တွေကို နည်းပညာသုံး၍ ဆွဲဆန့်ပေးနိုင်သည်။

❂

mgyoe.com

mgyoe.com

# စီးပွားရေးအကျပ်အတည်းနှင့် စီးပွားရေးပညာ

ယခုအကျပ်အတည်းမှ သင်ခန်းစာတွေ အများကြီးရခဲ့ရာ အကောင်းဆုံး အတော်ဆုံး သုတေသီတွေကတော့ ရရှိသော သင်ခန်းစာတွေ၊ ဉာဏ်ပညာတွေ၊ အကြံသစ်ဉာဏ်သစ်တွေကို သင်ကြားပို့ချမှုတွေ၊ သုတေသနတွေထဲ ထည့်သွင်းမည်မှာ သေချာသည်။ သို့သော် ငွေရေး ကြေးရေး ရှုထောင့်မှ ပြောရလျှင် ရေဆန်တက်ရသလို ဖြစ်နေမည်။

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းအကြောင်း ပြောကြဆိုကြရာတွင် စီးပွားရေးပညာ (ဘောဂဗေဒ) ဘာသာရပ်အပေါ် ဘယ်လိုအပြောင်းအလဲတွေ ဖြစ်နိုင်သနည်းဟူသော မေးခွန်းကိုလည်း စဉ်းစားကြသည်။ ပိုတော် ပိုကောင်းသော ဘောဂဗေဒပညာရှင်တွေ လိုအပ်နေသော အချက်ကဖြင့် မပြောင်းလဲပါဟု ဆိုကြသည်။

ကမ္ဘာ့ စီးပွားပျက်ကပ်ဖြစ်ပြီး နောက်တွင် ဘောဂဗေဒဘာသာရပ် လေ့လာပုံ၊ သင်ကြားပို့ချပုံတွေ ပြောင်းလဲသွားခဲ့ဖူးသည်။ သို့သော် ယခုဖြစ်ပွားသော ဘဏ္ဍာရေး အကျပ်အတည်းကြောင့် ဘောဂဗေဒပညာရှင်တွေ၏ အလေ့အထကို အလားတူ ပြန်လည် သုံးသပ် အကဲဖြတ်မှုတွေ ပေါ်ပေါက်လာမည်ဟု သေချာပေါက်မပြောနိုင်။ သမ္မတရစဖဲ့က ဗဟိုအစိုးရ၏ လက်အောက်တွင် စီးပွားရေးပညာရှင်တွေ အများကြီး ထပ်ခန့်ခဲ့သည်။ ဥရောပတွင်လည်း အနည်းငယ်ထပ်ခန့်သည်။ ၁၉၃၀ ပြည့် လွန်နှစ်တစ်ဝိုက်ရှိ အတွေးအခေါ်များ၊ စီးပွားရေး အကျပ်အတည်းကို တုံ့ပြန်မှုများသည် သင်ကြားပို့ချမှု များအပေါ်၌ ဂယက်ရိုက်ခတ်မှုတွေ ရှိမည်မှာသေချာသည်။ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးပွားလာခြင်းကြောင့်လည်း ဝယ်လိုအားနှင့် ကိုက်ညီအောင် တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းတွေကို ပြန်ပြင်

mgyoe.com

mgyoe.com


လိုစိတ်နှင့် ပြန်ပြင်ကြခြင်းများကို ဖြစ်ပေါ်စေခဲ့သည်။ အကြံဉာဏ်တွေ၊ မက်လုံးတွေကလည်း တစ်ခုနှင့်တစ်ခု၊ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်အထောက် အကူပြုကြသည်။

ယခု ဘဏ္ဍာရေးအကျပ်အတည်းတွင် ထိုသို့သော မက်လုံးတွေမတွေ့ရ။ တက္ကသိုလ် အားလုံးလိုလို ချွေချွေတာတာ သုံးစွဲနေကြရသည်။ အထူးသဖြင့် ပြည်သူပိုင်တက္ကသိုလ်တွေက ပိုချွေတာရသည်။ သို့ဖြစ်ရာ စီးပွားရေးပညာ ဌာနတွေအနေဖြင့်လည်း အကဲဖြတ်ရန် လွယ် သောသင်ကြားပို့ချနည်းတွေကို သာ သုံးနေရသည်။ ပို၍ ဆီလျော်သော၊ ပို၍ခက်ခဲပင်ပန်းသော အကဲဖြတ်နည်းတွေ၊ သင်ကြားပို့ချနည်းတွေကို ဒုက္ခခံပြီး ရှာဖွေမနေကြ။ ပုဂ္ဂလိက အလုပ်ရှင် တွေ၏ လိုအပ်ချက်နှင့် ကိုက်ညီသော သင်တန်းတွေဖြစ်အောင် ပိုကြိုးစားကြမည်။ တကယ်တော့ ပုဂ္ဂလိကကဏ္ဍ၏ အကျိုးစီးပွားသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ကိုယ် ကျိုးစီးပွားကို ထင်ဟပ် ခြင်းမပြု။ ဤအချက်ကိုလည်း ပြီးခဲ့သော အကျပ်အတည်းက သက်သေပြခဲ့သည်။

အထူးသဖြင့် ရန်ပုံငွေရှားပါးသော စည်းကမ်းထိန်းသိမ်းရေး၊ ထိန်းချုပ် ရေးအဖွဲ့အစည်း များသည် တကယ့် ပါရမီရှင်တွေကို ဆွဲဆောင်ရန် ခက်သည်။ စည်းကမ်းထိန်းချုပ်ရေးကိစ္စ တွေက လခအနည်းငယ်သာပေးနိုင် မည်ဖြစ်ရာ တကယ်အရည်အချင်း ရှိသူတွေ စိတ်ဝင်စားရန် ခက်သည်။

ယခုအကျပ်အတည်းမှ သင်ခန်းစာတွေ အများကြီးရခဲ့ရာ အကောင်းဆုံး အတော်ဆုံး သုတေသီတွေကတော့ ရရှိ သော သင်ခန်းစာတွေ၊ ဉာဏ်ပညာတွေ၊ အကြံသစ်ဉာဏ်သစ်တွေကို သင်ကြားပို့ချမှုတွေ၊ သုတေသနတွေထဲ ထည့်သွင်းမည်မှာ သေချာသည်။ သို့သော် ငွေရေး ကြေးရေးရှုထောင့်မှ ပြောရလျှင် ရေဆန်တက်ရသလို ဖြစ်နေမည်။

သို့သော် လူတိုင်းအတွက် အကျိုးရှိသော ပြုပြင်ပြောင်းလဲမှုတွေ ရှိနိုင်သည်။ ဘောဂ ဗေဒဘာသာရပ်၊ စီးပွားရေးဘာသာရပ်၌သာမက အခြား ဘာသာရပ်တွေမှာပါ သင်ရိုးညွှန်းတမ်း တွေ ပြောင်းလဲနိုင်သည်။

အခြေခံ စာရင်းအင်းပညာတွေကို အခြားကျောင်းသားတွေအတွက်လည်း မသင်မနေရ သတ်မှတ်ပေးရန် ပညာရှင် တချို့က အကြံပြုကြသည်။ အဆင့် မြင့်တန်းတွေရောက်မှ သင်ပေးမှု မျိုးကို သူတို့က သဘောမကျကြ။ ပေါ့ပေါ့ ပါးပါးပျော်ပျော်ရွှင်ရွှင် သင်ယူရတာမျိုးလည်း ဖြစ်စေ ချင်သည်။ အနည်းဆုံး စရိတ်နှင့် အကျိုးအမြတ်တွက်နည်းမျိုးကို နိုင်ငံသားတစ်ယောက်အနေဖြင့် သိထားသင့်သည်။ ကြီးကြီးမားမား ခက်ခက်ခဲခဲ ရှုပ်ရှုပ်ထွေးထွေး သင်ပေးစရာမလိုပါ။

ဘောဂဗေဒပညာရှင် မဟုတ်သူ တွေက နည်းလမ်းတချို့ကို ဆည်းပူး လေ့လာသင့် သကဲ့သို့ ဘောဂဗေဒ ပညာရှင်တွေက နည်းလမ်းတွေထဲမှာ ပင် မြုပ်နေရန်မသင့်။ စီးပွားရေးပညာ ရှင်များသည် စီးပွားရေးသမိုင်း အကြောင်း ကျေကျေနပ်နပ် နားလည် သဘောပေါက်ဖို့ သင့်သည်။ စီးပွားရေးသမိုင်းကိုသိထားပါက ဘောဂ ဗေဒပညာရှင်တွေ၊ အစိုးရပိုင်း ပုဂ္ဂလိကပိုင်းက ပုဂ္ဂိုလ် တွေ၊ စီးပွားရေး အကျပ်အတည်း ဖြစ်မည့်အန္တရာယ် လုံးဝပျောက်သွားခြင်းမရှိကြောင်း သဘော ပေါက်သွားစေမည်။ လူတွေ ၏ အပြုအမူကို လေ့လာသော ဘောဂ ဗေဒဘာသာရပ်ကို အခြေခံ

mgyoe.com

မိုက်ကရို အဆင့် သင်ရိုးညွှန်းတမ်းများ၌ထည့် ပေးသင့်သည်။ လူတွေ ဆင်ခြင်တုံတရား မရှိဟု သင်ပေးရန်မဟုတ်။ လူ အမျိုးမျိုးရှိသည့် စီးပွားရေးပုံစံတစ်ခုတွင် လူအမျိုးမျိုးအထွေထွေ၏ အရေးပါသော အပြန်အလှန် ဆက်ဆံမှုတွေ ပါဝင်နိုင်သည်ဟုသင်ပေးရန်ဖြစ်သည်။ စည်းကမ်းထိန်းသူတွေက သူတို့ထိန်းချုပ်ရန် ကြိုးစားနေသည့် လုပ်ငန်းစဉ် တွေအတွက် အားကိုးအားထားပြုလောက်သော စီးပွားရေးပုံစံတွေ ထုတ်ဖော်နေစဉ် သူတို့ထက်ခြေလှမ်း သွက်သူတွေက ထိုစီးပွားရေးပုံစံများ၏ ယူဆချက်ကို ချိုးဖျက်ကာ ငွေရ အောင်လုပ်ဖို့ကြိုးစားနေကြသည်ကို သိရှိအောင်သင်ပေးရမည်။ ပြေးတမ်း လိုက်တမ်းကစားသလို ယုန်တောင် ပြေးခွေးမြောက်လိုက်သလို ဇာတ်လမ်းတွေအကြောင်း သင်ပေးရမည်ဟု ပြင်သစ်ဘောဂဗေဒပါမောက္ခ (Paul Seabright) က ဆိုသည်။

အခြားပညာရှင်တစ်ဦးကမူ အထက်တန်းကျောင်းအဆင့်၌ပင် ကလေးတွေကို အခြေခံဘောဂဗေဒ သဘောတရားတွေ သင်ပေးစေချင်သည်။ ကိုယ်ပိုင်ငွေကြေးကို စနစ်တကျ စီမံခန့်ခွဲစေချင်သည်။ ကျောင်းလခပေးရန် အကြွေးဝယ်ကဒ်ပြားသုံး၊ ဝင်ငွေမရှိ၊ ခင်ပွန်းနှင့်ကွဲနေသည့် မိခင်တွေက ကလေးတွေအတွက် နေစရာ ရှာပေး၊ တစ်ဖန်အိမ်ကိုအပေါင်ထား၍ ကလေးတွေစားရန် စီမံရသည့်အဖြစ်မျိုးတွေမဖြစ်စေလို။ မိဘတွေ၊ အစိုးရတွေကလည်း အခြေခံစီးပွားရေးပညာ၊ ဘဏ္ဍာရေးပညာတွေ မတတ်ကြ။ ကလေးတွေကို ပညာပေးနိုင်လျှင် စီးပွားရေးလည်းကောင်း၊ ပညာရေးလည်း ကောင်းလာနိုင်သည်။ တက္ကသိုလ်မရောက်မီက တည်းက စီးပွားရေးပညာ၊ ဘဏ္ဍာရေး ပညာတွေသင်ပေးဖို့ အကြံပြုသူက ပြုသည်။ အထက်တန်းကျောင်းက ထွက်၊ တက္ကသိုလ်ကထွက်လျှင် ဉစ္စာဓနတွေ ရှာဖွေနိုင်ကြမည်မှန်သော်လည်း ဆုံးဖြတ်ချက်တွေ လွဲနိုင်သည်။ မဲပေးလွဲနိုင်သည်။ လွဲမှားမှုတွေ၏ ဆိုးကျိုးကို အနှစ် ၅၀ ခန့် ခံရမည်။ သူတို့၏ ဆုံးဖြတ်ချက်တွေက သူတို့ကိုသာမဟုတ် နိုင်ငံကိုပါထိခိုက်စေနိုင်သည်။ ဘဏ္ဍာရေးပညာကို အဓိကထားလေ့လာနေစရာမလိုအောင် သင်ပေးရမည်ဟု ဝေဖန်သည်။

mgyoe.com

mgyoe.com

# ကိုယ်တွေ့ ဟားဗဒ်

ယခင်နှစ်က အိန္ဒိယကျောင်းသားတစ်ဦး ဟားဗဒ်တက္ကသိုလ်၌ ဟားဗဒ်ကနေဒီတက္ကသိုလ်၊ ဟားဗဒ်စီးပွားရေးလုပ်ငန်းတက္ကသိုလ်နှင့် ဟားဗဒ်ဥပဒေတက္ကသိုလ်တို့တွင် သင်တန်းများ သွားရောက်တက်ခွင့်ရသည်။ သင်တန်းအမျိုးမျိုး၏ သင်ကြားပုံ၊ သင်ကြားနည်းတွေကို လေ့လာခွင့်ရသည်။ ပြီးတော့ သင်တန်းတက်သည့် ကျောင်းသားတွေကလည်း အမျိုးမျိုး။ ဟားဗဒ်တက္ကသိုလ်များမှ ရခဲ့သော သင်ခန်းစာတွေသည် အိန္ဒိယ တက္ကသိုလ်တွေအတွက် အထောက်အကူဖြစ်မည်ဟု သူကတွက်ဆသည်။ ဥပမာ–ကနေဒီကျောင်း၌ သင်ကြားပုံ၊ သင်ကြားနည်း တစ်တန်းနှင့် တစ်တန်း မတူညီ။ ပို့ချချက်တွေ၊ အတန်းတွင်း ဆွေးနွေးချက်တွေ၊ အကြောင်းအရာတစ်ခုကို ဝိုင်းဝန်းအဖြေရှာသည့် ပုံစံတွေ၊ ကျောင်းသားတစ်ဦးချင်း၏ တင်ပြဆွေးနွေးမှု၊ အစုအဖွဲ့လိုက် အသင်းလိုက်လှုပ်ရှားမှု စသည်ဖြင့် နည်းလမ်းတွေစုံသည်။ ကျောင်းသားတွေလည်း စုံသည်။ နောက်ခံသမိုင်းအမျိုးမျိုး၊ အချို့ကျောင်းသားက ယခုမှဘွဲ့ရကာစ အချို့ကျောင်းသားကြီးတွေက ရှစ်နှစ်၊ ဆယ်နှစ်မှ နှစ် ၂၅ ခန့်အထိ အတွေ့အကြုံရှိသူတွေ ပါသည်။ ထို့အပြင် ကျောင်းသား ၅၀ ခန့်ရှိသော သင်တန်းထဲတွင် အနည်းဆုံး နိုင်ငံပေါင်း ၂၀ ကျော်မှ ကျောင်းသားတွေပါသည်။ အတွေ့

ဟားဗဒ်စီးပွားရေးလုပ်ငန်း
ပညာသင်တက္ကသိုလ်၌
အကြောင်းအရာတစ်ခုကို
စိစစ် သုံးသပ်သောနည်းကို
အဓိကထား အသုံးပြုရာ
ထိုနည်းကို အားကိုးအားထား
ပြုရာ၌ ဟားဗဒ် စီးပွားရေး
လုပ်ငန်းပညာသင်
တက္ကသိုလ်များသည်
ထင်ရှားသည်။ အများအားဖြင့်
ထိုအကြောင်း အရာနှင့်
ပတ်သက်၍ မိနစ် ၆၀ ခန့်
ဝိုင်းဝန်းဆွေးနွေးကြသည်။
ကျန်မိနစ် (၂၀) ကို ထောက်ခံ
ဆွေးနွေးသူများနှင့်
အပြန်အလှန်ဆွေးနွေးခြင်း
ဖြစ်သည်

mgyoe.com

mgyoe.com

အကြံအမျိုးမျိုး၊ အသက်အရွယ် အနိမ့်အမြင့်အမျိုးမျိုး၊ ဘဝ အတွေ့အကြုံတွေက အမျိုးမျိုး ဖြစ်နေသဖြင့် ဆွေးနွေးကြပြီဆိုလျှင် အလွန်မြိုင်ဆိုင်လှသည်။ သို့သော် တစ်ဖက်၌ အမျိုးမျိုးအဖုံဖုံ ထွေပြားနေသော ကျောင်းသားတွေကြားထဲ၌ မြင့်မြင့် ပြော၍ လည်း မဖြစ်၊ နိမ့်နိမ့်ပြော၍လည်း မဖြစ်၊ အများနှင့် အံဝင်ခွင်ကျဖြစ်အောင် ကြားခွ၍ ပြောရသည်။ ဥပမာ– အခြေခံအဆောက်အအုံ (လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ) ဘဏ္ဍာငွေ ကိစ္စအကြောင်းသင်လျှင် ငွေရေးကြေးရေး၊ ဘဏ္ဍာရေးတွေအကြောင်း လုံးဝနားမလည်သော ကျောင်းသားတွေ ပါနေသည်ကို ဆရာက သတိထားရသည်။ တစ်ဖက်တွင် လက်တွေ့အတွေ့ အကြုံရှိသူတွေ၊ ထိုလောကထဲမှာ ဆယ်နှစ်မက အတွေ့အကြုံရလာခဲ့သူတွေ ပါသည်ကို ထည့်တွက်ရသည်။ ထိုကျောင်းသားတွေအတွက် သိပြီးသား၊ တတ်ပြီးသားတွေဖြစ်နေ၍ စိတ်ဝင်စားစရာ မကောင်းသော သင်ခန်းစာဖြစ်နေပြီး အတွေ့အကြုံမရှိသူတွေအတွက် လိုက်မမီ လောက်အောင် ခက်သောဘာသာရပ်တစ်ခုလို ဖြစ်နေသည်။ သို့သော်တစ်ဖက်တွင် ပုဂ္ဂလိက ကုမ္ပဏီတွေရော၊ အစိုးရဌာနတွေ၊ အရပ်ဘက် အဖွဲ့အစည်းတွေကပါ လူပေါင်းစုံပါဝင်နေရာ အတွေ့အကြုံပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ အမြင်တွေကို အပြန်အလှန်ဖလှယ်နိုင်ကြသည်။

အကြောင်းအရာတစ်ခုကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်သောနည်းအရ သင်ကြားရာတွင် ပြဿနာတွေ အများကြီးရှိသည်။ ပါမောက္ခအတော်များများက ထိုနည်းကို မသင်တတ်သလို၊ ကျောင်းသားတွေကလည်း ဖြစ်ရပ်တွေကို သေသေချာချာ မဖတ်တတ်၊ မသုံးသပ်တတ်ကြ၊ အသေးစိတ် နက်နက်ရှိုင်းရှိုင်း လေ့လာသုံးသပ် အကဲဖြတ်ရမည့်အစား၊ အပေါ်ယံလျှပ်ဖတ်ကာ အပြန်အလှန်ငြင်းခုန် ဆွေးနွေးစရာအဖြစ် အသုံးပြုတတ်ကြသည်။ တစ်ဖန် မူဝါဒဆိုင်ရာ အကြံပြုချက်အတိုလေးတွေ ရေးတတ်အောင် သင်ကြားပေးသည်။ ထိုမူဝါဒဆိုင်ရာ အကြံပြုချက်တွေက နိုင်ငံခေါင်းဆောင်တွေအတွက် ဦးတည်ပြီး ရေးခြင်းဖြစ်သည်။

ဟားဗဒ်စီးပွားရေးလုပ်ငန်းပညာသင်တက္ကသိုလ်၌ အကြောင်းအရာတစ်ခုကို စိစစ်သုံးသပ်သောနည်းကို အဓိကထား အသုံးပြုရာ ထိုနည်းကို အားကိုးအားထား ပြုရာ၌ ဟားဗဒ် စီးပွားရေးလုပ်ငန်းပညာသင်တက္ကသိုလ်များသည် ထင်ရှားသည်။ အများအားဖြင့် ထိုအကြောင်းအရာနှင့် ပတ်သက်၍ မိနစ် ၆၀ ခန့်ပိုင်းဝန်းဆွေးနွေးကြသည်။ ကျန် မိနစ် ၂၀ ကို ထောက်ခံ ဆွေးနွေးသူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းဖြစ်သည်။ ထိုဆွေးနွေးပွဲတွေ ချောချောမွေ့မွေ့၊ ရှင်သန်တက်ကြွနေအောင် ပါမောက္ခတွေက ဦးဆောင်ပေးသည်။ ကျောင်းသားတစ်ယောက်က အခြေခံ အချက်အလက်တွေချပြပြီး အဓိကမေးခွန်းတွေ မေးသည်။ ပါမောက္ခက ကျောင်းသား များ၏ အမြင်တွေ ထွက်ပေါ်လာအောင် နှိုက်ထုတ်သည်။ နောက်ဆုံးတွင် ကျောင်းသားများသည် မိမိ၏ရပ်တည်ချက်ကို ကာကွယ်ရုံမျှသာမက အဆင့်ဆင့်ငြင်းခုန်တတ်၊ ချေပတတ်သည့် အလေ့ အထကိုပါရရှိသည်။ ကနေဒီတက္ကသိုလ်၌ ထိုအလေ့အထမျိုးကို မတွေ့ရပေ။ အတန်းဖော်တွေကလည်း ကိန်းဂဏန်းတွေကို ကိုးကားကာ အပီအပြင် ငြင်းခုန်ကြသည်။

ကျောင်းသားများအနေဖြင့် မတူသောရပ်တည်ချက်တွေ၊ ရွေးချယ်စရာတွေကို တန်ဖိုး

mgyoe.com

mgyoe.com



ထားတတ်ရန် သင်ပေးထားသော်လည်း သတင်းအချက်အလက်တွေ မပြည့်စုံသည့်ကြားက လမ်းကြောင်းတစ်ခုရွေးချယ်၊ ဆုံးဖြတ်ချက်တစ်ခု ချတတ်ရန် အလေးထား သင်ကြားပေးသည်။ ထိုသင်ကြားလေ့ကျင့်ပေး မှု သည် လက်တွေ့စီးပွားရေးလောကထဲဝင်ရောက်သည့်အခါ သတင်းအချက်အလက်အပြည့်အစုံ အမြဲတမ်းမရဘဲ ဆုံးဖြတ် ချက်ချမှတ်ရေးအတွက် အထောက်အကူဖြစ်သည်။ ကနေဒီ ကျောင်းမှ ပြဿနာတွေကို ဆွေးနွေးစရာ၊ စကားစစရာ အခြေခံအဖြစ် အသုံးပြုသည်။ ဟားဗဒ်စီးပွားရေးလုပ်ငန်း ပညာသင် တက္ကသိုလ်၌ ပြဿနာတွေကို နက်နက်ရှိုင်းရှိုင်း တူးဆွဆွေး လေ့လာစေသည်။ အပြင်အပ ဗဟုသုတတွေ၊ ယခင်လုပ်ငန်းရှင် အတွေ့အကြုံတွေကို အလေးပေးမှုနည်းသည်။ စီးပွားရေးလုပ်ငန်း ပညာသင် ကျောင်းသားတွေက နယ်ပယ်အမျိုးမျိုးမှ ကျောင်းလာတက်ကြသော်လည်း အများအားဖြင့် စီးပွားရေးလုပ်ငန်း အဝန်းအဝိုင်းမှ လာကြခြင်းဖြစ်ကာ လာသော နိုင်ငံတွေကလည်းစုံသည်။ အသက်ကွာခြားမှုများ ကနေဒီ ကျောင်းလောက်မများပေ။ ကျောင်းသားများသည် အသက် ၂၅ နှစ်မှ ၃၅ နှစ်အတွင်းအရွယ်တွေဖြစ်သည်။



သို့သော် ဥပဒေကျောင်း၌ ပို့ချချက်တွေ၊ အတန်းတွင်း ဆွေးနွေးမှုတွေ၊ ပြဿနာတွေ၊ လေ့ကျင့်ခန်းတွေကိုအသုံးပြုသည်။ အတန်းကိုလိုက်ပြီး သင်ကြားပုံကွာခြားသည်။ ဥပမာ– ပထမနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသင်တန်းတွင် ဟောပြောပို့ချချက်များနာယူကာ စာမေးပွဲအတွက်ပြင်ဆင်ရသည်။ အမျိုးသားလုံခြုံရေးဥပဒေလို ဘာသာ ရပ်မျိုး၌ဆွေးနွေးငြင်းခုန်မှုတွေလည်း ပါသည်။ ကျောင်းသားတွေတွေးတတ်၊ ငြင်းတတ်အောင် လေ့ကျင့်ပေးရာ စာသင်ခန်းတစ်ခန်းသည် တက်တက်ကြွကြွ ဆွေးနွေးစရာနေရာ တစ်နေရာဖြစ်သည်။

mgyoe.com

mgyoe.com

ပထမနှစ်အဓိက ဘာသာရပ်များ သင်ယူရာ တွင် ရရှိခဲ့သော ဥပဒေသများ၊ အခြားဥပဒေဘာသာရပ်များတွင် လေ့လာဆည်းပူးခဲ့သည်များကို အားကိုးကာ ကိုယ့်ရပ်တည်ချက်ကို အကြောက်အလန့်မရှိ အမြဲ ကာကွယ်ငြင်းခုန်ကြသည်။

ဥပဒေကျောင်း၌ တကယ့်အတွေ့အကြုံများနှင့် အခြားအခြေအနေများကို ပေါင်းစပ်ကာ သဏ္ဌာန်လုပ်သရုပ်ဆောင် စေ့စပ်ဆွေးနွေးမှုများ၊ ပို့ချချက်များ ပါဝင်သည်။ စေ့စပ်ညှိနှိုင်းရေး အလုပ်ရုံဆွေးနွေးပွဲတွေလည်း ရှိသည်။ ကျောင်းသားတွေက အခြားကျောင်းတွေလို အသက်အရွယ်၊ အတွေ့အကြုံ၊ နိုင်ငံသားကွာခြားခြင်းမရှိပေ။ အံ့သြစရာတော့မဟုတ်။ ဥပဒေ ဆိုသည်က တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူတတ်။ စီးပွားရေးလုပ်ငန်းပညာတွေ၊ ပြည်သူ့ရေးရာမူဝါဒ ဥပဒေသတွေ၊ သဘောတရားတွေလို နယ်နမိတ်အကန့်အသတ်တွေလို အလွယ်တကူ ကျော်ဖြတ် မသွားနိုင်။ ထို့အပြင် ဥပဒေကျောင်းတွင် အမေရိကန်နိုင်ငံမှ ယခင်အတွေ့အကြုံ လုံးဝမရှိသော ကျောင်းသားတွေ ပါဝင်တတ်ရာ အပြန်အလှန်ဆွေးနွေးရာ၌ အခြားကျောင်းတွေလို မမြိုင်လှဘဲ၊ ရှုထောင့်အမျိုးမျိုးကိုလည်း သိပ်မကြားရပေ။ တစ်ဖက်တွင် ဥပဒေကျောင်းသားများသည် နှိုက်တက်၊ ဖော်တတ်ရာတွင် ထူးချွန်ပြီး၊ ပီပြင်သော တရားရေးဥပဒေသများ၊ စီရင်ထုံးများကို ကိုးကားကာ ထက်ထက်မြက်မြက် ငြင်းခုန်တတ်ကြသည်ကို တွေ့ရသည်။

ဟားဗဒ်တက္ကသိုလ်ကြီး၏ အောက်တွင် ဖြစ်သော်လည်း ပြည်သူ့ရေးရာမူဝါဒ၊ စီးပွားရေးလုပ်ငန်းပညာနှင့် ဥပဒေပညာတို့ သင်ပုံသင်နည်းမတူကြပေ။ ထိုသို့ကွဲပြားသဖြင့်ပင် ဟားဗဒ်သည် ပညာရပ်နယ်ပယ်တွင် ပြောင်မြောက်သောဗဟိုဌာနတစ်ခု ဖြစ်နေပုံရသည်။

mgyoe.com

mgyoe.com

# ဥရောပအမ်ဘီအေနှင့် သိပ္ပံသုတေသန

ဥရောပတွင် သုတေသနတွေ အကြီးအကျယ် လုပ်ကြသည်။ အရည်အသွေးမြင့် သိပ္ပံသုတေသနတွေ တစ်ပုံတစ်ခေါင်းကြီး ထွက်သည်။ သို့သော် သုတေသနသည် သုတေသနအဆင့်မှာသာ ရပ်နေပြီး၊ စီးပွားရေးလုပ်ငန်းထဲ၊ စီးပွားရေးလောကထဲမရောက်။ တည်ထွင်ဆန်းသစ်မှု တွေဖြစ်မလာ။ စီးပွားရေးလုပ်ငန်းပညာသင်တက္ကသိုလ်တွေ Business School တွေက ဘာတွေလုပ်ပေးနေသလဲ။

စပိန်က EASDE စီးပွားရေးလုပ်ငန်း ပညာသင်ကျောင်းကြီး၏ အကြီးအကဲ Alfons Sauquet က စီးပွားရေးလုပ်ငန်းများနှင့် သိပ္ပံပညာတို့ အဆက်အစပ်မရှိခြင်းကြောင့် ဥရောပ အောက်ကျနောက်ကျဖြစ်နေရခြင်းဖြစ်သည်ဟု ဆိုသည်။ ဤပြဿနာကို မဖြေရှင်းနိုင်လျှင် ဥရောပ၏အနာဂတ် မှောင်မည်းနေမည်။ သုတေသနတွေက တည်ထွင်အသုံးချသည့်အဆင့်မရောက်။ သိပ္ပံလောကနှင့် စီးပွားရေးလောက စွမ်းရည်မြင့်မြင့်ပေါင်းစည်းနိုင်အောင် ဘယ်လိုလုပ်ကြမလဲ။ ပြဿနာကို ဖြေရှင်းပေးရန် ကြံရွယ်သည့် စီးပွားရေးလုပ်ငန်းပညာသင်ကျောင်းတွေ ကိုယ်တိုင်က ပြဿနာ၏တစ်စိတ်တစ်ဒေသဖြစ်နေလေရော့သလား။

စီးပွားရေးလုပ်ငန်းပညာသင်တက္ကသိုလ်တွေက

အမေရိကန်နိုင်ငံရှိ မက်ဆာချူးဆက် နည်းပညာ တက္ကသိုလ်ကဲ့သို့သော ဥရောပ နည်းပညာ တက္ကသိုလ်တွင် သိပ္ပံပညာရှင်များကို တည်ထွင်ဆန်းသစ် အသုံးချမှု၊ စီးပွားရေးစွန့်စားတည်ထွင် လုပ်ဆောင်မှုတို့ကိုပါ သင်ကြားပေးရန် ရည်ရွယ်သည်။ ဤနည်းဖြင့် လောင်စာသုတေသန ဌာနများနှင့် စွမ်းအင်ကုမ္ပဏီတို့တွင် ပါရမီရှင်လူငယ်များဖြင့် အားဖြည့်ပေးရန်ရည်ရွယ်သည်။

mgyoe.com

mgyoe.com

စာရင်းကိုင်၊ ရောင်းဝယ်ရေး၊ ဘဏ္ဍာရေးစသော ဘာသာရပ် တွေ လုပ်ငန်းအကြောင်းတွေသင်ပေးနေရုံဖြင့် မလုံလောက်။ စီးပွားရေး လုပ်ငန်း ပညာသင် တက္ကသိုလ်တွေကိုယ်တိုင်က စွန့်စားတည်ထွင် လုပ်ငန်းရှင်တွေဖြစ်ဖို့လိုသည်။ ဘယ်နေရာ ဘာတွေ လိုအပ်နေသလဲ၊ ပိုပြီးတန်ဘိုးရှိအောင် ဘာလုပ်ပေးနိုင်မလဲ (Add Value) လိုက်လံဖော်ထုတ် နေရမည်။ ရှာတွေ့ပြီ ဆိုလျှင် ထိုလုပ်ငန်း စီမံကိန်း (Project) တွေ၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးခြင်း၊ ကုမ္ပဏီတွေ၊ အများပိုင်လုပ်ငန်းတွေ၊ သုတေသနဌာနတွေ၊ တခြား တက္ကသိုလ်တွေကို အကြံဉာဏ်တွေပေး၊ အကူအညီတွေပေးရမည်။ အဖွဲ့အစည်းသစ်တွေ ဖန်တီးရန်၊ စီမံခန့်ခွဲရန် အထောက်အကူပြုရမည်။ လုပ်ငန်းစဉ်တွေ ရေးဆွဲပေးခြင်း၊ အကောင်အထည်ဖော်ခြင်း တို့တွင် အကူအညီပေးရမည်။



စပိန် စီးပွားရေးလုပ်ငန်း ပညာသင်တက္ကသိုလ်၌၊ အမှုဆောင် အရာရှိများအတွက် ပညာပေး သင်တန်းတွေဖွင့်သည်။ အဆင့်မြင့်သုတေသနများ၊ စီမံခန့်ခွဲမှုနှင့် စွန့်စားတည်ထွင် လုပ်ငန်းလုပ်ဆောင်မှုတို့ကို ပေါင်းစည်းပေးရန်ကြိုးစားသည်။ မကြာသေးမီက ဥရောပတလွှား စဉ်ဆက်မပြတ် စွမ်းအင်စီမံကိန်း အကောင်အထည်ဖော်ရာတွင် ဦးဆောင်ခဲ့သည်။

အမေရိကန်နိုင်ငံရှိ မက်ဆာ ချူးဆက် နည်းပညာတက္ကသိုလ်ကဲ့သို့သော ဥရောပနည်းပညာ တက္ကသိုလ်တွင် သိပ္ပံပညာရှင်များကို တည်ထွင် ဆန်းသစ် အသုံးချမှု၊ စီးပွားရေးစွန့်စား တည်ထွင် လုပ်ဆောင်မှု တို့ကိုပါ သင်ကြားပေးရန် ရည်ရွယ်သည်။

mgyoe.com

mgyoe.com


ဤနည်းဖြင့် လောင်စာသုတေသန ဌာနများနှင့် စွမ်းအင် ကုမ္ပဏီတို့တွင် ပါရမီရှင်လူငယ်များဖြင့် အားဖြည့်ပေးရန်ရည် ရွယ်သည်။

သို့ဖြစ်ရာ စီးပွားရေးလုပ်ငန်းပညာသင် တက္ကသိုလ် များသည် တည်ထွင်ဆန်းသစ်အသုံးချမှုကို စီမံခန့်ခွဲပုံ ခန့်ခွဲနည်း ပြန့်ပွားစေရန် ကြိုးပမ်းလုပ်ဆောင် လျက်ရှိကြသည်။ တည်ထွင်ဆန်းသစ်အသုံးချမှုများပြားလာစေမည့် ပတ်ဝန်းကျင်များဖြစ်ပေါ်လာ စေရန် အားပေးအားမြှောက်ပြုရန်လိုသည်။ အကြံသစ် ဉာဏ်သစ်တွေ ပေါ်ထွက်ပေါက်ဖွားလာနိုင် သော ရေခံမြေခံကောင်းများဖြစ်အောင် စီးပွားရေးလုပ်ငန်း ပညာသင်တက္ကသိုလ်တွေကို အသွင် ပြောင်းရန်လိုသည်။ စပိန်စီးပွားရေးလုပ်ငန်း တက္ကသိုလ်တွင် တည်ထွင်မှုများပြုလုပ်အသုံးချနေ သော ကုမ္ပဏီ ၅၀ ကျော်ရှိပြီး လုပ်ငန်း အချင်းချင်းသော်လည်းကောင်း၊ ကျောင်းသားများနှင့်သော် လည်းကောင်း၊ စိတ်ကူးစိတ်သန်းများ အကြံဉာဏ်များ၊ ရည်မှန်းချက်ပန်းတိုင်များ၊ အတွေ့အကြုံများဝေမျှခြင်းတို့ပြုလုပ်ကြသည်။

တည်ထွင်ဆန်းသစ်မှုများကို စီမံခန့်ခွဲရာ၌၊ သိပ္ပံနှင့် စီမံခန့်ခွဲမှုအကြား၊ ခြားထားသောနယ်ပယ်ကို ရှာဖွေရုံမျှဖြင့် မပြီးသေး၊ နယ်ပယ်အမျိုးမျိုး နေရာအမျိုးမျိုးက၊ တည်ထွင်ဆန်းသစ်မှုတွေ ပေါ်ပေါက်လာစေရန် အားထုတ်ရမည်။ ဥပမာ– ဒီဇိုင်းအသစ်အဆန်းများ ပေါ်ပေါက်အောင်အားထုတ်ရာတွင် မူလလုပ်ပုံလုပ်နည်းများအတိုင်း မလုပ်ဘဲ တိုင်းရင်းသားလူမျိုးနွယ်စုများ၏နည်းလမ်းများ၊ စိတ်ကူးစိတ်သန်းများကိုလည်း ရယူအသုံးပြုနိုင်သည်။

အမ်ဘီအေဘွဲ့ပေး၊ စီးပွားရေးလုပ်ငန်းပညာသင်တက္ကသိုလ်များသည်၊ မူလရည်ရွယ်ချက်ကိုလည်း မျက်ခြေပြတ်ခံ၍မဖြစ်။ ဘာသာရပ်များ၊ သင်ကြားနည်းများ ခေတ်မီ ကောင်းမွန်ရန်လိုသည်။ အခြားတစ်ဖက်တွင် တည်ထွင်ဆန်းသစ်မှုတွေလိုအပ်သည်။ သမားရိုးကျလုပ်ပုံလုပ်နည်းတွေ၊ အဝန်းအဝိုင်းတွေကို ကျော်လွှားကာ အမြင်သစ်ဖြင့် ရှုမြင်နိုင်စွမ်းရှိသော မန်နေဂျာတွေလိုအပ်နေသည်။ ဥရောပအနာဂတ်လုံခြုံစိတ်ချရစေရန်  ဥရောပအမ်ဘီအေဘွဲ့ပေး တက္ကသိုလ်တွေက လုပ်နိုင်စွမ်းရှိသည်။

❂

mgyoe.com

mgyoe.com

# ပထမသတင်း၊ ဒုတိယသတင်း

လူတွေ၏ အပြုအမူကို
လေ့လာကြည့်ကြရာ၌
ယခင်ကပြောထား၊
သိထား၊ နားလည်ထားခဲ့
သည်များကို၊
ပြန်ပြင်ပါဟုပြောသည့်တိုင်
ပြန်ပြင်ရန်ခက်သည်။
တရားခွင်တွင်
တရားသူကြီးများကို
ပထမပြောပြထားသော
အချက်များ
အမှုတွင်အကျုံးမဝင်၍
မစဉ်းစားပါနှင့်ဟု
ပြောလျှင်လည်း
မေ့မပစ်နိုင်ကြပဲ
ထည့်စဉ်းစားတတ်ကြသည်

တော်တော်အရသာရှိပုံရသည့် ရေခဲမုန့်ထဲတွင် အန္တရာယ်များသော အဆိပ်အတောက်တွေ၊ ဓာတ်သတ္တုတွေ ပါသည်ဟု ဦးစွာလာပြောသည်။ ထို့နောက် အတော်လေး ကြာသည့်အခါ စားသာစားဘာမှမဖြစ်ပါဟု လာပြောပြန် သည်။ ဤအခါတွင် ရေခဲမုန့်ကိုပြန်စားမည်လား။

လူတွေ၏ အပြုအမူကိုလေ့လာကြည့်ကြရာ၌ ယခင်က ပြောထား၊ သိထား၊နားလည်ထားခဲ့သည်များကို၊ ပြန်ပြင်ပါဟုပြောသည့်တိုင် ပြန်ပြင်ရန်ခက်သည်။ တရား ခွင်တွင် တရားသူကြီးများကို ပထမပြောပြထားသော အချက်များ အမှုတွင်အကျုံးမဝင်၍မစဉ်းစားပါနှင့်ဟု ပြော လျှင်လည်း မေ့မပစ်နိုင်ကြပဲ ထည့်စဉ်းစားတတ်ကြသည်။

သို့သော် ထိုသုတေသနတွေအတိုင်း အမြဲတမ်း တော့ မဖြစ်၊ တချို့သူတွေအတွက် သတင်းအမှားတွေ၊ အချက်အလက်အမှားတွေကို အလွယ်တကူဖယ်ရှားပစ် နိုင်ကြောင်း နောက်သုတေသနတွေကဆိုပြန်သည်။

၂၀၀၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပင်ဆဲလ်ဗေး နီးယား တက္ကသိုလ်ပါမောက္ခတစ်ယောက်က သူတို့၏ ပထမဆုံးကလေးအတွက် ကားဖြင့်သွားလျှင်ထိုင်ရန် ခုံ တစ်လုံးဝယ်သည်။ မဂ္ဂဇင်းတစ်စောင်က လုံခြုံစိတ်ချရမှု အလိုက် ကလေးထိုင်ခုံတွေကို တန်းစီဇယားဆွဲပြသည်။

mgyoe.com

mgyoe.com



သို့သော် ထိုမဂ္ဂဇင်းကသေသေချာချာ စမ်းသပ်လုပ်ကိုင်ပါလျက် အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်သည်။ ကြော်ငြာထားသည့်ထက် အပျက်အစီးများသော ကားတွေဖြစ်နေသည်။ သူတို့၏ သုံးသပ်ချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ရသည်။ သူ၏ မူလသုံးသပ်ချက်ထက် အချို့သော ကလေးထိုင်ခုံတွေက ပို၍အန္တရာယ်ကင်းနေသည်။

စောစောပိုင်းသုံးသပ်ချက်များ၊ နောက်ပိုင်းအကဲဖြတ်ချက်များကိုပါ ပါမောက္ခက စုစည်းပြီး ကလေးထိုင်ခုံတွေ၏ ဈေးနှုန်းများကို လိုက်လံလေ့လာကြည့်သည်။ အရည်အသွေးညံ့သည်ဟုမှားယွင်း စွပ်စွဲခံရသောကလေးထိုင်ခုံတွေ၏ ဈေးနှုန်းသည် အစပိုင်းတွင်ကျသော်လည်း ချက်ချင်း ပြန်တက်လာခဲ့သည်။ သို့သော် အစ ကတည်းကညံ့ဖျင်းသည်ဟု သတ်မှတ်ခံထားရသော ကလေးထိုင်ခုံ တစ်မျိုးမှာ အောက်ဈေးနှင့် ဆက်ရောင်းနေရသည်ကို တွေ့ရသည်။ ပါမောက္ခက လူတွေသတင်းအမှားကို ပစ်ပယ်ကာ သတင်းအမှန်ကို အာရုံရောက်နိုင်စွမ်းရှိသည်ဟု သုံးသပ်သည်။ မိဘတွေက ကလေးတွေနှင့် ပတ်သက်လျှင် ဆတ်ဆတ်ထိမခံချင်ကြ။ သို့သော် ညံ့ပါသည်၊ စိတ်မချရပါဟု ပြောသော မဂ္ဂဇင်း၏ သတင်းအမှားကို အလွယ်တကူပစ်ပယ်နိုင်ကြသည်။ ပထမကြေညာချက်ရော မှားယွင်းကြောင်း ကြေညာချက်ပါ လူသိများခဲ့သည်။ ကလေးတွေ အသက်အန္တရာယ် လုံခြုံရေးကိစ္စဖြစ်၍၊ ခေါင်းစီး သတင်းတွေအဖြစ်ပါလာခဲ့ကြသည်။ အချိန်တစ်လလောက်အတွင်း မှားယွင်း၍ပြန်ရုပ်သိမ်းလိုက်ပါသည် ဆိုသောသတင်းကဖောက်သည်တွေ ပို၍ အာရုံစိုက်စရာ ဖြစ်ခဲ့သည်။ အချိန် တစ်လကျော်ကာလအတွင်း အရောင်း သိသိသာသာ



mgyoe.com

mgyoe.com

ပြောင်းလဲသွားခဲ့သည်။ အင်တာနက်သုံးဈေးဝယ်သူတွေ ကလည်း ကုန်တိုက်သွားဈေးဝယ်သူတွေလို လုံခြုံစိတ်ချရမှု အဆင့်အတန်းတွေကို ပို၍ ဂရုစိုက်လာကြသည်။

စောစောကမဂ္ဂဇင်း၏ အကဲဖြတ်ချက်တွေက ဖောက်သည်တွေကို လမ်းမှားဆွဲခေါ်သွားခဲ့သည်။ တရားသူကြီးတွေ၊ မူလအချက်အလက်ဟောင်းများ မဆီလျော်တော့ပါဟု ပြောပါလျက်နှင့် မဖယ်နိုင်ဘဲ ထည့်စဉ်းစားကြခြင်းမှာ ခေါင်းမာသောကြောင့်လည်းမဟုတ်၊ မသိလို့လည်းမဟုတ်၊ သူတို့စိတ်ပြောင်းစေရန် လုံလောက်သောအကြောင်းပြချက်မပေးနိုင်၍ဖြစ်သည်။ မော်တော်ကားထိုင်ခုံဝယ်သူတွေကတော့ သတင်းအချက်အလက်အသစ်ကို အလွယ်တကူလက်ခံသည်။ သတင်းအချက်အလက်အဟောင်းကိုအလွယ်တကူစွန့်ပစ်သည်။ မဂ္ဂဇင်းက သူတို့မှားသွားပါသည်ဟုဝန်ခံ လိုက်သည့်အတွက် ထိုမဂ္ဂဇင်းကို ပို၍ယုံကြည်စိတ်ချသွားသည်။

ကလေးတွေကာကွယ်ဆေးထိုးလျှင် ဒုက္ခရောက်မည်ဟု မိဘတွေကစိုးရိမ်ပြီး မထိုးဘဲနေကြခြင်းမှာ ကလေးတွေ၏ အသက်အန္တရာယ်အတွက်စိုးရိမ်၍သာမဟုတ်၊ သာဓကတွေအထောက်အထားတွေကို လျော့တွက်ခြင်းကြောင့်ဖြစ်သည်။ သတင်းအချက်အလက် အဟောင်းအသစ်က အရေးမကြီး။ ဘယ်သူပြောသည်၊ ဘယ်ကရသည်ဟူသော အချက်ကအရေးကြီးကြောင်း ပါမောက္ခက သုံးသပ်သည်။ စားသုံးသူ၏ ယုံကြည်အားကိုးခံရသော ကျန်းမာရေးအဖွဲ့အစည်း များများစားစားမရှိသည်ကို သူက ထောက်ပြသည်။

သို့သော် ပထမသတင်းပေးသူနှင့် ဒုတိယသတင်းပေးသူတို့မတူညီကြဘဲ ပဋိပက္ခဖြစ်နေလျှင် မည်သူ့စကားကိုယုံရမည်နည်း။ တစ်ဖန်အများလက်ခံထားသော အမြင်နှင့် ထူးခြားသောအမြင် ဖြစ်နေပြန်လျှင်လည်း မည်သူ့အမြင်ကိုလက်ခံမည်နည်း။

❂

mgyoe.com

mgyoe.com

# အမ်ဘီအေပါမောက္ခများ၏ သုတေသန

အများအားဖြင့် ပါမောက္ခများ၏ တာဝန် ၂ ခု ရှိသည်။ သင်ကြားပို့ချရေး– ကျောင်းသားကျောင်းသူများ၏ စာတမ်းများကို ကြီးကြပ်ရေးနှင့် သုတေသနဟူ၍ဖြစ်သည်။ အမ်ဘီအေကျောင်းသူကျောင်းသားအများစုသည်၊ လူရိုသေ ရှင်ရိုသေ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ သုတေသနဂျာနယ်များကို မဖတ်ကြပေ။ "ငါ့ဒိန်ခဲ ဘယ်သူရွှေ့သလဲ" ကဲ့သို့သော လူကြိုက်များ၊ လူဖတ်များသည့်စာအုပ်မျိုးတွေကို ဖတ်တတ်ကြသော်လည်း သုတေသနစာစောင်တွေကို မဖတ်ဖြစ်ကြ။ စီးပွားရေးလုပ်ငန်းပညာသင်တက္ကသိုလ်မှ ပါမောက္ခတစ်ယောက်၏တာဝန်မှာ လူပြိန်းကြိုက်တွေရေးဖို့ မဟုတ်သလို၊ လူမဖတ်တာတွေရေးဖို့လည်း မဟုတ်ဟု ဆိုကြသည်။ သို့သော် ထိုအခြေအနေကို လွန်ခဲ့သော ၁၀ နှစ်အတွင်းက မရောက်ခဲ့ကြဟု ဝေဖန်သူတွေက လက်ညှိုးထိုးကြသည်။

အမ်ဘီအေကျောင်းသူ
ကျောင်းသားအများစုသည်၊
လူရိုသေ ရှင်ရိုသေ၊
စီးပွားရေးလုပ်ငန်းဆိုင်ရာ
သုတေသနဂျာနယ်များကို
မဖတ်ကြပေ။ "ငါ့ဒိန်ခဲ
ဘယ်သူရွှေ့သလဲ" ကဲ့သို့သော
လူကြိုက်များ၊
လူဖတ်များသည့်
စာအုပ်မျိုးတွေကို
ဖတ်တတ် ကြသော်လည်း
သုတေသနစာစောင်တွေကို
မဖတ်ဖြစ်ကြ။
စီးပွားရေးလုပ်ငန်းပညာသင်
တက္ကသိုလ်မှ ပါမောက္ခ
တစ်ယောက်၏တာဝန်မှာ၊
လူပြိန်းကြိုက်တွေရေးဖို့
မဟုတ်သလို၊
လူမဖတ်တာတွေရေးဖို့လည်း
မဟုတ်ဟု ဆိုကြသည်။

သူတို့လုပ်ခဲ့ကြသော သုတေသနတွေကို နောင်သုတေသနစာတမ်းများ၌ ကောက်နုတ်ဖော်ပြသည့် အရေအတွက် အနည်းအများကိုကြည့်ပြီး စီမံခန့်ခွဲရေး ဂျာနယ် ၈၉ စောင်နှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာဂျာနယ် ၇၇ စောင်ကို တန်းစီဇယားဆွဲကြည့်ရာ လွန်ခဲ့သော ၅ နှစ်အတွင်း ထိပ်တန်းဂျာနယ်တစ်စောင်ဖြစ်သော MIS Quarterly က

mgyoe.com

mgyoe.com

ထိပ်ဆုံးမှာရောက်နေသည်။ ပညာရှင်တွေကလွဲ၍ မန်နေဂျာတွေအသိဆုံး၊ အဖတ်အများဆုံးဟု ဆိုရမည့် ဟားဗတ်စီးပွားရေးလုပ်ငန်းဂျာနယ်က စီမံခန့်ခွဲမှု ဂျာနယ်များထဲတွင် အမှတ်စဉ် ၂၉ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဂျာနယ်များတွင် အမှတ်စဉ် ၂၄ သာ ချိတ်သည်။

လန်ဒန် စီးပွားရေးလုပ်ငန်းပညာသင်တက္ကသိုလ်၌ပြုလုပ်ခဲ့သော ဆွေးနွေးပွဲ၌ မဟာဗျူဟာဆိုင်ရာ သုတေသနလုပ်ငန်းများသည် လက်ရှိစီမံခန့်ခွဲမှုလုပ်ပုံလုပ်နည်းများနှင့် အံဝင်မှု ရှိ၊ မရှိ ဆွေးနွေးခဲ့ကြသည်။ ၂၀၀၅ ခုနှစ်တွင် စီးပွားရေးလုပ်ငန်းပညာသင်တက္ကသိုလ်တွေက၊ သီအိုရီအညံ့တွေ ကျောင်းသားတွေအပေါ် ပုံချနေကြသည်ဟူသော အပြောမျိုးပင် ပေါ်ထွက်လာခဲ့သည်။ အခြားဝေဖန်ချက်တစ်ခု၌ အမ်ဘီအေသင်တန်းများသည် သိပ္ပံနည်းကျ သုတေသနတွေအပေါ် အာရုံရောက်လွန်းသည်။ လက်ရှိနှင့် အနာဂတ် မန်နေဂျာများ၏ လိုအပ်ချက်နှင့် လွဲချော်နေသည်ဟု စွပ်စွဲထားသည်။ ဆေးတက္ကသိုလ်တွေ၊ ဥပဒေကောလိပ်တွေက ကျွမ်းကျင်လည်း ကျွမ်းကျင်၊ မကြာခဏလည်း သုတေသနဆောင်းပါးများ ရေးသားထုတ်ဝေလေ့ရှိကြရာ စီးပွားရေးလုပ်ငန်း ပညာသင်တက္ကသိုလ်တွေကလည်း ထိုသို့ ဖြစ်ဖို့ကောင်းသည်ဟု အပြစ်တင်ကြသည်။

သို့သော် စီးပွားရေးလုပ်ငန်းပညာသင်ပါမောက္ခတွေအနေဖြင့် အပြောင်းအလဲလုပ်ရန် အလားအလာနည်းသည်။ တက္ကသိုလ်တွေက ပါမောက္ခများ၏ သက်တမ်းတိုးရေးကို စဉ်းစားရာ၌ လူကြိုက်များသော စာစောင်တွေထက် သုတေသနစာစောင်များတွင် ရေးသားပုံနှိပ်ထုတ်ဝေမှုကို အလေးပေးသည်။

ဤအခါတွင် သုတေသနစာတမ်းများသည် စီးပွားရေးလောကအတွက် အသုံးဝင် မဝင်၊ အသုံးကျ မကျ မေးစရာဖြစ်လာသည်။ ပါမောက္ခများ၏ သက်တမ်းတိုးရေးတွင် ပျော့ပျော့ ပြောင်းပြောင်းရှိရန် အကြံပြုကြသည်။ စီမံခန့်ခွဲရေးစိတ်ကူးစိတ်သန်းတွေကို လူသိများအောင်၊ စာအုပ်ရောင်းရအောင်၊ စာနယ်ဇင်းတွေ မီဒီယာတွေက စိတ်ဝင်စားအောင် လုပ်နိုင်သောပါမောက္ခတွေကိုလည်း ၎င်းတို့၏ သက်တမ်းတိုးရန်အတွက် စဉ်းစားသင့်သည်။ လူကြိုက်နည်း၊ လူဖတ်နည်းသောဂျာနယ်တွေက ဆောင်းပါးတွေကိုသာ ထည့်မတွက်သင့်ပါဟု အကြံပြုကြသည်။ ဤနည်းဖြင့် သင်ကြားရေးဌာနကပါမောက္ခတွေ ပရိသတ် ကျယ်ကျယ်ပြန့်ပြန့်ထိတွေ့ခွင့်ရမည်။ လူပိန်းကြိုက်လုပ်နေသူတွေအဖြစ် အပြစ်တင်ရန် မသင့်ဟုဆိုသည်။

သို့သော် ထိုသို့လုပ်လိုက်လျှင် ခေတ်မီ၊ ရေပန်းစားသော်လည်း နောက်ဆုံးတွင် အသုံးမကျသော အကြံဉာဏ်တွေ၊ အတွေးအခေါ်တွေအပေါ် အခြေခံကာ ပါမောက္ခများကို သက်တမ်းတိုးပေးသလိုဖြစ်မည်စိုးရပြန်သည်။ တစ်ခါတရံ၌ စီးပွားရေးလုပ်ငန်းဆိုင်ရာ သုတေသနများ၏ အရေးပါမှုကို အလေးမထားတာတွေရှိသည်။ သုတေသနတွေလုပ်ခြင်းဖြင့် သင်ကြားရေး နယ်ပယ်က ပုဂ္ဂိုလ်တွေ၊ သက်ဆိုင်ရာဘာသာရပ်နယ်ပယ်တွင် ရှေ့တန်းရောက်နိုင်သည်။ ထိုသုတေသနတွေက သင်ကြားရေးကို အထောက်အကူပြုနိုင်သည်။ ကျောင်းသားတွေကို ခေတ်မမီတော့သော အကြောင်းအရာတွေသင်ပေး၍မဖြစ်၊ ခေတ်မမီတော့ကြောင်း ကျောင်းသားတွေ ချက်ချင်း သဘော ပေါက်သွားနိုင်သည်။

mgyoe.com

mgyoe.com


အခြားသုတေသနတစ်ခုက ပါမောက္ခများ၏ သုတေသနစာတမ်း ရေးသား ပြုစုနိုင်စွမ်းနှင့် ဘွဲ့ရကျောင်းသားများ၏ ဝင်ငွေမြင့်မားမှုတိုက်ရိုက်ဆက်စပ်နေသည်ဟု ညွှန်ပြသည်။ တကယ်တော့လည်း နာမည်ကြီးစီးပွားရေးလုပ်ငန်းပညာသင်ကျောင်းများသည် ကမ္ဘာတဝှမ်းတွင် နာမည်ကြီးသည်နှင့် လိုက်လျောညီထွေဖြစ်သော သုတေသန နယ်ပယ်တွင်လည်း ကျော်စောထင်ရှားမှုကို ရရှိကြသည်။

သို့ဖြစ်ရာ အမ်ဘီအေသင်တန်းတက်တော့မည့် ကျောင်းသားတစ်ယောက်သည် သူတက်မည့်ကျောင်းကို ရွေးချယ်ရာ၌ ထိုကျောင်းမှ ပါမောက္ခများ၏ သုတေသနလုပ်ရည် ကိုင်ရည်၊ ရေးသားပုံနှိပ်ထုတ်ဝေမှုတို့ကိုပါ ထည့်တွက်ရမလိုဖြစ်လာသည်။ သုတေသနကောင်းတွေ ရေးသားထုတ်ဝေခဲ့သော ပါမောက္ခတွေက လစာကောင်းမည့် အမ်ဘီအေတွေကို မွေးထုတ် ပေးနိုင်မှုရှိ၊ မရှိဆိုသည်မှာ အတိုင်းအတာတခုအထိသာ မှန်ကန်မှုရှိနိုင်သည်။ တကယ်တမ်း ကျောင်းသားတွေအလိုအပ်ဆုံးမှာ အသင်အပြကောင်းမွန်ရေး၊ ကျောင်းသားတွေ၏ အကဲဖြတ် ဆန်းစစ်နိုင်သောစွမ်းရည်တွေတိုးပွားရေးဖြစ်သည်။ နောက်ဆုံးပေါ်သုတေသနတွေက ထိုမျှ အရေးမပါလှပေ။

စီးပွားရေးလုပ်ငန်းပညာသင် ပါမောက္ခတွေက သူတို့ကျောင်းသားတွေ၊ အမှုဆောင်အရာရှိအဆင့်ဆုံးဖြတ်ချက်ချမှတ်သူတွေကို အချက်အလက်ကောက်ယူစုဆောင်းသူတွေဟု အထင်လွဲနေကြသည်။ တကယ်တော့ သူတို့တတွေသည် အချက်အလက်ကို အသုံးပြုသူတွေ၊ အချက်အလက်တွေ စုစည်းအသုံးချသူတွေသာဖြစ်သည်ဟု ပြောစမှတ်ဖြစ်နေသည်။

ဝေဖန်သူတွေကတော့ သုတေသနမလုပ်၊ သုတေသနစာတမ်းတွေ မရေးသော်လည်း အခြားသူများ၏ အတွေးအခေါ်တွေ၊ အကြံဉာဏ်တွေကို ကောင်းကောင်းအသုံးချသော ဆရာကြီးတွေရှိသည်။ တစ်ဘက်တွင် သင်ကြားရေးကိုလုံးဝစိတ်မဝင်စားသော သုတေသီဆရာကြီးတွေရှိသည်။ နှစ်ဘက်စလုံးထူးချွန်လျှင်တော့ အကောင်းဆုံး။ သုတေသနလုပ်၊ ရထားသောရလဒ်တွေကျောင်းသားတွေကိုဖြန့်ဝေ၊ ဆရာများ၏ သက်တမ်းတိုးရာတွင် သုတေသနရလဒ် တစ်ခုတည်းအပေါ်တွင်သာ တဘက်စောင်းနင်းမဖြစ်သင့်။ ကျောင်းတွေမှာ သုတေသီကောင်း၊ အသင်အပြကောင်းသူတွေလိုသည်။ အရည်အချင်းရှိ ဆရာတွေလိုသည်။ ကျောင်းကောင်းတစ်ကျောင်းသည် နှစ်ဘက်စလုံးတွင် ထူးချွန်ရမည်။ သုတေသနစာစောင်တွေ ရေးရုံဖြင့်မပြီး။ စီမံခန့်ခွဲမှုပညာဆိုသည်မှာ နည်းလမ်းတွေ၊ ဗဟုသုတတွေအကြောင်းမျှသာဆိုလျှင် လက်စွဲစာအုပ်တွေပေးလိုက်၊ အသုံးအဆောင်တွေ၊ လက်နက်ကိရိယာတွေပေးလိုက်လျှင်ပြီးပြီ ဘာမျှ သင်ပေးနေစရာမလိုဟု ဝေဖန်ကြသည်။

ပါမောက္ခများထဲတွင် သင်ကြားရေး၌ ထူးချွန်သော်လည်း သုတေသနစာတမ်းမထွက်သဖြင့် ပါမောက္ခသက်တမ်းမကြာပဲ ထွက်သွားရသော ဆရာကောင်းတွေရှိသည်။ သုတေသနလုပ်မှ မဟုတ်၊ စာအုပ်စာတန်းတွေ၊ ဆောင်းပါးတွေဖတ်ကာ အသိပညာအသစ်အဆန်းတွေရယူပြီး ပြန်လည်ဖြန့်ဝေနိုင်သည်။ သို့သော် တစ်ချိန်လုံး သုတေသန လုပ်နေပါသော်လည်း သင်ကြားရာ၌ ခေတ်မီအောင် ပြုပြင်ဖြည့်စွက်ခြင်းမပြုနိုင်သဖြင့် သင်ရိုးဟောင်းတွေ၊ စာအုပ်

mgyoe.com

mgyoe.com

ဟောင်းတွေအတိုင်း၊ တောက်လျှောက်သင်ကြားနေကြသော သုတေသီပါမောက္ခတွေလည်း ရှိသည်။ လက်စွဲစာအုပ်တွေ၊ ပြဋ္ဌာန်းစာအုပ်တွေက စီမံ ခန့်ခွဲသူကောင်းတယောက်ဖြစ်ရန် သင်မပေးနိုင်။ ထိရောက်သော သင်ကြားနည်းတွေ၊ ဆရာကောင်းတွေကသာ သင်ပေးနိုင်သည်ဟု ထောက်ပြကြသည်။

ယခုခေတ် အနေဖြင့်ဆိုလျှင် နည်းလမ်းတွေ၊ ဗာတ်လမ်းတွေ၊ ရှောင်ရန်ဆောင်ရန်တွေလောက်သာသိချင်လျှင် အင်တာနက်မှာရှာကြည့်လိုက်လျှင် ပြီးပြီ။ သို့မဟုတ်လျှင်လည်း တစ်ရက်လောက်ဆွေးနွေးပွဲတက် ဘီယာသောက်ရင်း လှည့်ကွက်ရည်ဆိုင်ထိုင်ရင်း၊ လုပ်ဖော်ကိုင်ဘက်တွေနှင့် ဆွေးနွေးခြင်းဖြင့်လည်း ရရှိနိုင်သည်။

ပြဿနာက ပညာသင်ပေးခြင်း(Education)နှင့်လေ့ကျင့်ပေးခြင်း (Training) တို့ အကြား၊ ကွာခြားမှုဖြစ်သည်။ ကျောင်းတွေက ပညာသင်ကြားပေးပြီး၊ ကျောင်းသားတွေက လေ့ကျင့်ပျိုးထောင်မှုကို ခံယူလိုကြသည်။ ပညာသင်ပေးခြင်း၏ ရလဒ်သည် ရေရှည်ခံသော်လည်း၊ ချက်ချင်းမမြင်သာ၊ နည်းလမ်းတွေက ရေတိုတွေ၊ သို့သော် သိသာမြင်သာသည်။ စီးပွားရေး လုပ်ငန်း သုတေသနတွေက စီးပွားရေးလုပ်ငန်းတွေနှင့် ပတ်သက်၍ ဗဟုသုတအကြားအမြင်တွေကို ပိုမိုများပြားလာစေသော်လည်း နည်းလမ်းတွေတိုးလာအောင် မလုပ်ပေးနိုင်။

mgyoe.com

mgyoe.com


တကယ်တော့ စီးပွားရေးလုပ်ငန်း ပညာသင် တက္ကသိုလ်တွေကို အပြစ်တင်ရမည်။ လက်တွေ့ပိုကျရန် ကြိုးစား ရင်းဖြင့် ပညာသင်ပေးမှုနှင့် လေ့ကျင့်ပေးမှုတို့ကို ပို၍ ရောထွေးစေသည်။ ပညာသင်ပေးသည်ထက် လေ့ကျင့်ပေးသည်က ပိုနေသည်။

သုတေသနစာတမ်းတွေအပေါ် အခြေခံပြီး ပါမောက္ခတွေကို ရာထူးတိုး၊ သက်တမ်းတိုးပေးရာ၌ ထိုပါမောက္ခများသည် လက်တွေ့အတွေ့အကြုံမရှိကြ၊ မလုပ်မကိုင်တတ်ကြသော သူတွေဖြစ်နေသည်။ စီးပွားရေးလုပ်ငန်းပညာသင်တက္ကသိုလ်တွေက စီးပွားရေးလုပ်ငန်းတွေအကြောင်း အတွင်းကျကျသင်ပေးသည်ဟု ပြောလေ့ရှိကြသည်။ သို့သော် ပညာရှင်တွေ၏ စိတ်ထဲ၌ စီးပွားရေးလုပ်ငန်းများအကြောင်းဆိုသည်မှာ ယေဘုယျနိယာမများ၊ အလားအလာများ၊ သိပြီးအချက်အလက်များကို စာရင်းအင်းနည်းပညာအရ အရေအတွက်အရ လေ့လာမှုများ ဖြစ်နေသည်။ လက်တွေ့မန်နေဂျာများက စီးပွားရေးလုပ်ငန်းဆိုသည်မှာ နည်းလမ်းတွေ၊ ဇာတ်လမ်းတွေ၊ ဆောင်ရန်ရှောင်ရန်တွေသာဖြစ်သည်။ လက်တွေ့သမားတွေက နည်းလမ်းတွေ၊ ဆေးညွှန်းတွေလိုချင်ရာ ပညာရှင်တွေက အတွေးတွေ၊ ဉာဏ်ပညာတွေပေးနေကြရာ အပေးအယူတွေ လွဲချော်နေကြသည်။ ပါမောက္ခတွေဆီက နည်းလမ်းတွေ၊ ဆေးညွှန်းတွေထွက်လာမည်ဟု မျှော်လင့်၍မရ။

ပါမောက္ခတွေက သုတေသနလုပ်၊ ကထိကတွေက ပါမောက္ခများ၏ သုတေသနရလဒ်တွေကိုချသင်၊ ကျောင်းသားတွေက စီးပွားရေးလုပ်ငန်းပညာသင်တက္ကသိုလ်တွေကို လာရောက်ခြင်းသည် စီးပွားရေးလုပ်ငန်းဆိုင်ရာအထာတွေ၊ အကွယ်အဝှက်၊ အကွေ့အဝိုက်တွေ သင်ဖို့မဟုတ်၊ စီးပွားရေးလုပ်ငန်းတွေအကြောင်း သေသေချာချာကျကျနန တွေးတတ်ဖို့ဖြစ်ကြောင်း၊ သဘောပေါက်ရန်လိုသည်။

❂

mgyoe.com

mgyoe.com

# အမ်ဘီအေဝင်ခွင့် စာမေးပွဲမေးခွန်းသစ် ၂၀၁၂ ဇွန်တွင် ထွက်မည်

စာမေးပွဲတွေခေတ်နှင့် အံဝင်ခွင်ကျဖြစ်စေရေးအတွက် နည်းပညာတီထွင်ဆန်းသစ်လာမှုတွေကို အသုံးချမည်။ အကဲဖြတ်၍ ပိုကောင်း ရန်နှင့် ထူးခြားသောမေးခွန်းတွေကိုပါ မေးမည်။ သတင်းအချက်အလက်တွေ သုံးသပ်၊ ကောက်ချက်တွေဆွဲ၊ အချက်အလက်တစ်ခုနှင့် တစ်ခုဆက်စပ်မှုတွေကို ဖော်ထုတ်တတ်၊ သုံးသပ်တတ်စေရန် မေးခွန်းတွေ မေးမည်။ ပုံချပ်တွေ၊ ဂရပ်မျဉ်းတွေ၊ စာရင်းအင်းအချက်အလက်တွေ ပေးထားမည်။ စာသင်ခန်း အသေးလေးတစ်ခုလိုဖြစ်စေမည်ဟုဆိုသည်။


စီးပွားရေးလုပ်ငန်း ပညာမဟာဘွဲ့ (MBA) သင်တန်းများကို တက်ရောက်ရန်အတွက် ဝင်ခွင့်စာမေးပွဲ (GMAT) ကို ဖြေဆိုကြရသည်။ ဘွဲ့ရစီမံခန့်ခွဲမှုပညာ သင်တန်း ဝင်ခွင့်အစမ်းစာမေးပွဲ (The Graduate Manage-ment Admission Test ) ကို လွယ်လွယ်ပင် GMAT ဟု ခေါ်လေ့ရှိသည်။ ၂၀၁၂ ခုနှစ်မှစ၍ GMAT မေးခွန်းတွင် နေရာပေါင်းစုံမှရသော သတင်းအချက်အလက်တွေ အကဲဖြတ်နိုင်စွမ်းကို တိုင်းတာသည့် တီထွင်ဆန်းသစ်ထားသော အပိုင်းတစ်ပိုင်းပါဝင်မည်ဖြစ်သည်။ ထိုအပိုင်းကို ၂၀၁၂ ခုနှစ် ဇွန်လတွင် စစ်ဆေးမည့် စာမေးပွဲများ၌ စတင်ကာ ထည့်သွင်းသွားမည် ဖြစ်သည်။ အသစ်ထပ်ထည့်ထားသော အကြောင်းအကျိုး ဆင်ခြင်သုံးသပ်မှု မေးခွန်းလွှာ၌ ယနေ့ကဲ့သို့ သတင်းအချက်အလက်တွေ အလျှံအပယ်ဖြစ်နေသော စီးပွားရေးလုပ်ငန်း ပတ်ဝန်းကျင်တွင် မန်နေဂျာများ ရင်ဆိုင်ရမည့် ရှုတ်ထွေးသော စိန်ခေါ်မှုတွေကို မည်သို့ ဖြေရှင်းရမည် ဖြစ်ကြောင်း၊ ကျောင်းသားသစ်တွေ သဘောပေါက်

mgyoe.com

mgyoe.com

လေ့ကျင့်မှုရရှိစေရန် ရည်ရွယ်သည်။

လွန်ခဲ့သော ၄ နှစ်ခန့်အတွင်း စီးပွားရေး လုပ်ငန်း ပညာသင်ကျောင်းများကို မေးခွန်းထုတ်သည့်ကောင်စီ (GMAC) က စစ်တမ်းတွေ အကြိမ်ကြိမ် ပြုလုပ်မေးမြန်းခဲ့သည်။ ကောင်စီက ၎င်း၏ (GMAT) စာမေးပွဲတွေ အဆင့်မြင့်မားရေးအတွက် အမြဲအားထုတ်ခဲ့ရာ ဌာနများ၊ တက္ကသိုလ်များ၏ ဝေဖန် အကြံပြု ချက်များကို ရယူကာ ဆောင်ရွက်ခြင်းဖြစ်သည်။ စာမေးပွဲတွေ ခေတ်နှင့် အံဝင်ခွင်ကျ ဖြစ်စေရေးအတွက် နည်းပညာတီထွင် ဆန်းသစ်လာမှုတွေကို အသုံးချမည်။ အကဲဖြတ်၍ ပိုကောင်း ရန်နှင့် ထူးခြားသောမေးခွန်းတွေကိုပါ မေးမည်။ သတင်း အချက် အလက်တွေ သုံးသပ်၊ ကောက်ချက်တွေဆွဲ၊ အချက်အလက် တစ်ခုနှင့် တစ်ခုဆက်စပ်မှုတွေကို ဖော်ထုတ်တတ်၊ သုံးသပ် တတ်စေရန် မေးခွန်းတွေ မေးမည်။ ပုံချပ်တွေ၊ ဂရပ်မျဉ်းတွေ၊ စာရင်းအင်း အချက်အလက်တွေ ပေထားမည်။ စာသင်ခန်း အသေးလေးတစ်ခုလို ဖြစ်စေမည်ဟု ဆိုသည်။ ကိန်းဂဏန်း အချက် အလက်တွေ အကဲဖြတ်ရာတွင် ကိုင်တွယ်ရာတွင် ကျောင်းသားလောင်းများ မည်မျှ အရည်အချင်း ရှိသည်ကို စစ်ဆေးဖော်ထုတ်နိုင်ရန် မေးခွန်း အသစ်တွေကို မေးမြန်းခြင်း ဖြစ်သည်။



ထိုထပ်တိုးလာသော မေးခွန်းတွေကြောင့် စုစုပေါင်း ၃ နာရီခွဲ ကြာသောဖြေဆိုချိန်ကို ထပ်တိုးသွား မည် မဟုတ်ပေ။ မေးခွန်းအသစ်များသည် နာရီဝက်ကြာမြင့်မည် ဖြစ်ကာ ယခင်က စိစစ်သုံးသပ်သည့်အပိုင်း၌ ပါဝင်သော စာစီစာကုံးနှစ်ခုအနက် တစ်ခုကို အစားထိုးမည်ဖြစ်သည်။ စာစီစာကုံး (အက်ဆေး) တစ်ခုရှိလျှင် လုံလောက်ပြီဟု တွက်ဆကြသည်။ ကျန်သည့် အပိုင်းတွေ အပြောင်းအလဲမရှိ။ အမှတ်ပေးရာတွင်လည်း ယခု

mgyoe.com

ပေးသော အမှတ် ၂၀၀ မှ ၈၀၀ အထိပေးသော ပုံစံ အတိုင်းဖြစ်သည်။ မေးခွန်းဟောင်းတွင် ပါဝင်သော အက်ဆေးအတွက် သီးသန့်အမှတ်ရသကဲ့သို့ ယခုမေးခွန်းအသစ်ပိုင်း အတွက်လည်း သီးသန့်အမှတ်ရကြမည်။ နာရီချိန်တွေပါ ထည့်တွက်မည်ဆိုလျှင် စုစုပေါင်း ၄ နာရီခန့် ဖြေဆိုကြရမည်။

၁၉၅၃ ခုနှစ်ကတည်းက စီးပွားရေးလုပ်ငန်း ပညာသင်ကျောင်းများတွင် ဝင်ခွင့်စာမေးပွဲ စစ်ဆေးရန်အတွက် စီးပွားရေးလုပ်ငန်း ပညာသင်ကျောင်းများ၏ ကြံဆချက်ဖြင့် ထွက်ပေါ် လာခဲ့သော (GMAT) စာမေးပွဲသည် စီးပွားရေးပညာသင်ကျောင်းများ၏ လိုအပ်ချက်အပေါ် မူတည်ပြီး အခါအားလျော်စွာ ပြောင်းလဲလာခဲ့သည်။ နောက်ဆုံးပြုလုပ်သော စစ်တမ်း၌ စီးပွားရေး ပညာသင်ကျောင်း ၇၄၀ က ၂၁ ရာခု စီးပွားရေးလုပ်ငန်း ပညာသင်ကျောင်းများသည် စာရင်းအင်းတွေ သုံးတတ်၊ နည်းမျိုးစုံဖြင့်ရသော သတင်းအချက်အလက်တွေကို စုစည်းတတ်၊ ရှုတ်ထွေးသော ပြဿနာများကို ဖြေရှင်းတတ်သော စွမ်းရည်ရှိရန် လိုအပ်ကြောင်း ပြောကြားခဲ့ကြသည်။ ယခု မေးခွန်းအသစ်များသည် ထိုလိုအပ်ချက်ကို ဖြည့်စွမ်းရန် ကြိုးစားထားခြင်းဖြစ်သည်။ စွမ်းရည် မည်မျှရှိ၊ မရှိ ကျောင်းသားကိုယ်တိုင်ရော၊ ကျောင်းပါ သိရှိစေရန် ရည်ရွယ်သည်။ မေးခွန်း ပုံစံ အသစ်သည် မည်သို့ဖြစ်ကြောင်း၊ မည်သို့ ဖြေရမည်ဖြစ်ကြောင်းတို့သည် ၂၀၁၂ ရောက်မှ အသေးစိတ်ထွက်ပေါ်လာမည်ဖြစ်ပြီး ယခုအခါ ရှေ့ပြေးစမ်းသပ်သည့် အဆင့်တွင်သာရှိသေးသည်။ အချို့မေးခွန်းများတွင် အဖြေမှန်သည် တစ်ခုမကရှိနိုင်သည်။ အမှတ်ပြည့်ပေးရမည်၊ အမှတ်တချို့သာပေးရမည် မဆုံးဖြတ်နိုင်သေး။ ၂၀၁၁ ဇွန်လတွင် အမှတ်ပေးအစီအစဉ်သစ်နှင့် ပတ်သက်သော အစီရင်ခံစာ ထွက်လာမည်။

❂

mgyoe.com

mgyoe.com

# အိန္ဒိယ အမ်ဘီအေ

အိန္ဒိယနှင့် အခြားနိုင်ငံများတွင် တက်ရောက်နိုင်သော အမ်ဘီအေသင်တန်းအမျိုးမျိုးရှိပြီး၊ တက်ရောက်ကြသည့် ကျောင်းသားများ၏ နောက်ခံများကလည်း အမျိုးမျိုးကွဲပြားခြားနားသည်။ အချို့သင်တန်းသားတွေက အချိန်ပြည့် ၂ နှစ် တက်ရောက်ရသော သင်တန်းတွေကို ရွေးချယ်ကြပြီး အချိန်မရသူ၊ စီးပွားရေးလုပ်ငန်းလုပ်နေသူ၊ အလုပ်လုပ်နေသူများက အမှုဆောင်အရာရှိများ တက်ရသည့် အမ်ဘီအေသင်တန်းများ၊ အချိန်ပိုင်းအမ်ဘီအေသင်တန်းများကို ရွေးချယ်ကြသည်။ အမ်ဘီအေသင်တန်းတက်ရောက်ခြင်းဖြင့် အသိပညာတွေကျယ်ပြန့် တိုးပွားလာစေသည်၊ ကျွမ်းကျင်မှုတွေတိုးပွားလာစေသည်ဟု ရှုမြင်ကြသည်။ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သော အခက်အခဲများ၊ ပြဿနာများကို ဖြေရှင်း၊ အဖြေရှာရန် အတွက် အသုံးပြုနိုင်သည်။

အမ်ဘီအေသင်တန်းတွေက တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ထုတ်လုပ်မှုစွမ်းအားတွေကို အမြင့်မားဆုံးဖြစ်စေသည့် စွမ်းရည်တွေ၊ ကျွမ်းကျင်မှုတွေကို ပြုစုပျိုးထောင်ပေးသည်။ ဈေးကွက်၏ ဝယ်လိုအားနှင့် ကိုက်ညီအောင် ကျောင်းသားတွေကို ပြင်ဆင်ပေးသည်။ ဘင်ဂလိုးရှိ အိုင်အိုင်အမ်သင်တန်းဒါရိုက်တာ၏အပြောအရ အမ်ဘီအေ

အိန္ဒိယနိုင်ငံတွင် စီမံခန့်ခွဲမှုသင်တန်းများသည် အနှစ် ၅၀ မျှသာရှိသေးသည်။ ၁၉၅၀ ပြည့်လွန်နှစ်များတွင် အမှုဆောင်အရာရှိများကို လေ့ကျင့်ပျိုးထောင်ရန်၊ အချိန်ပိုင်း သင်တန်းများ အဖြစ်စတင်ခဲ့သည်။ တက္ကသိုလ်အချို့ ၌သာ၊ အချိန်ပိုင်း သင်တန်းများရှိသည်။ ၁၉၆၁ ခုနှစ် တွင် မက်ဆာချူးဆက်နည်းပညာ တက္ကသိုလ် (MIT) မှ Sloan စီမံခန့်ခွဲမှုကျောင်း ဟားဗဒ်တက္ကသိုလ်နှင့် ပူးတွဲကာ၊ ကာလ်ကတ္တားနှင့် အမိဒါဘဒ်တို့တွင်၊ အိုင်အိုင်အမ် (IIM) ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com

သင်တန်းတက်ရောက်ခြင်းသည် တည်ထွင်ဖန်တီးတတ်သော အဖွဲ့အစည်းများမည်သို့ တည်ဆောက်ရ ပုံသွင်းရမည်ကို ကျောင်းသားတစ်ယောက် သိရှိရေးအတွက် အကောင်းဆုံးသော နည်းဖြစ်သည်။ စီမံခန့်ခွဲမှုနည်းလမ်းများ မည်သို့စိစစ်သုံးသပ် အသုံးချရမည်၊ စီမံခန့်ခွဲမှုအမြင်ရှိရန် မည်သို့ဆောင်ရွက်ရမည်ကို သင်ပေးသည်။ လူ့အဖွဲ့အစည်းတွင် စီးပွားရေး အဆောက်အအုံမည်သို့ လည်ပတ်လှုပ်ရှားနေသည်ကိုလည်း သိရှိနိုင်သည်။

အမ်ဘီအေသင်တန်းများအားလုံး လိုလိုတွင် တွေ့ရလေ့ရှိသော လက်တွေ့ပြဿနာ များကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်နည်း (Case Study) ကြောင့် အချက်အလက်တွေ၊ သဘောတရားတွေကိုသာမက လက်တွေ့စီမံခန့်ခွဲမှု ဗဟုသုတတွေ၊ အဖြေတွေကိုလည်း ရရှိနိုင်သည်။




အိန္ဒိယနိုင်ငံတွင် စီမံခန့်ခွဲမှုသင်တန်းများသည် အနှစ် ၅၀ မျှသာရှိသေးသည်။ ၁၉၅၀ ပြည့်လွန်နှစ်များတွင် အမှုဆောင်အရာရှိများကို လေ့ကျင့်ပျိုးထောင်ရန် အချိန်ပိုင်းသင်တန်းများ အဖြစ်စတင်ခဲ့သည်။ တက္ကသိုလ်အချို့၌သာ အချိန်ပိုင်းသင်တန်းများရှိသည်။ ၁၉၆၁ ခုနှစ်တွင် မက်ဆာချူးဆက်နည်းပညာတက္ကသိုလ် (MIT) မှ Sloan စီမံခန့်ခွဲမှုကျောင်း ဟားဗတ်တက္ကသိုလ်နှင့် ပူးတွဲကာ ကာလ်ကတ္တားနှင့် အမိဒါဘဒ်တို့တွင် အိုင်အိုင်အမ် (IIM) ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတကာအဆင့်ဘွဲ့လွန်အချိန်ပြည့်သင်တန်းများကို (IIM) ၌ စတင်သင်ကြားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် တက္ကသိုလ်အဆင့် စီမံခန့်ခွဲမှုဌာနနှင့် တက္ကသိုလ် ၈၂ ခုရှိသည်။ ပညာရေးကို လွတ်လပ်ခွင့်ပြုလိုက်ပြီးနောက် အမ်ဘီအေကျောင်းများ သိသိသာသာတိုးတက်လာခဲ့သည်။ ယခုအခါ နိုင်ငံတဝှမ်း လည်ပတ်နေသောကျောင်း ၁၈၀၀ ခန့်ရှိသည်။

mgyoe.com

mgyoe.com


အမ်ဘီအေကျောင်းများက ကုမ္ပဏီများရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် အတွက် ကျွမ်းကျင်မှုပြည့်ဝနေစေရန် ဖြည့်ဆည်းပေးသည်။ အမ်ဘီအေသင်တန်းများသည် မန်နေဂျာဖြစ်ရုံမျှသာမက တည်ထွင်ဖန်တီးသူလည်းဖြစ်စေရန် ဆောင်ရွက်ပေးသည်ဟု ဒါရိုက်တာ တစ်ယောက်ကဆိုသည်။ မန်နေဂျာအဆင့်ထက်ပင် ကျော်လွန်သွားစေနိုင်သည်။ လွတ်လွတ် လပ်လပ် တွေးခေါ်ကာ စိန်ခေါ်မှုတွေကို ရင်ဆိုင်သည့် အလေ့အကျင့်ရအောင် လုပ်ပေးသည်။ ကိုယ့်မှာ အရည်အချင်းတွေရှိပြီးသားဖြစ်သော်လည်း လွတ်လွတ်လပ်လပ်တွေးတတ်အောင် အမ်ဘီအေသင်တန်းတွေက လုပ်ပေးသည်။ ထို့ကြောင့် အမ်ဘီအေသည် ဘွဲ့ဒီဂရီတစ်ခုမျှသာ မဟုတ်၊ ကိုယ့်ကိုယ်ကိုနှင့် ကိုယ့်ခန္ဓာအတွင်းရှိ စွမ်းရည်တွေကို ဖော်ထုတ်ရန် အသုံးဝင်သည်ဟု ဆိုသည်။ အမ်ဘီအေသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည်။ နိုင်ငံတဝှမ်းရှိ ကုမ္ပဏီကြီးများ၏ အမှုဆောင်အရာရှိချုပ်တွေကိုကြည့်လျှင် အမ်ဘီအေဘွဲ့ရတွေဖြစ်နေသည်။ အမ်ဘီအေဘွဲ့ရတွေကို ထိပ်တန်းတက္ကသိုလ်များ၌လည်း တွေ့နိုင်သည်။

သို့သော် အချို့ပညာရှင်များက အမ်ဘီအေသင်တန်းများက သင်တန်းသားတွေ၏ အရည်အချင်းတွေတက်လာအောင်လုပ်ပေးနိုင်စွမ်းသည် သင်တန်းသားအပေါ်တွင် အများကြီး မူတည်နေသည်ဟု ဆိုကြသည်။ တက္ကသိုလ်တစ်ခုတည်း တက်ရောက်ကြသူဖြစ်သော်လည်း တစ်ယောက်နှင့်တစ်ယောက် ရလဒ်မတူကြ။ စိတ်ဓာတ်ပိုင်းအရ၊ ဘယ်လောက်ပြင်ဆင်လာခဲ့ သည်ဆိုသော အချက်အပေါ်မူတည်ပြီး တစ်ယောက်နှင့်တစ်ယောက် ကွာခြားသွားကြသည်။

အမ်ဘီအေသင်တန်းတက်ရောက်ရန် Common Admission Test (CAT) , Xavier Aptitude Test (XAT), Management Aptitude Test (MAT), GMAT နှင့် အလားတူ စာမေးပွဲတွေကို ဖြေဆိုကြရသည်။ အမ်ဘီအေသင်တန်းများသည် စရိတ်စကကြီးမားပြီး အချိန်နှင့် ငွေကို ထိုက်ထိုက်တန်တန် ရင်းနှီးမြှုပ်နှံကြရသည်။ အိန္ဒိယရှိ တက္ကသိုလ်တစ်ခုနှင့်တစ်ခု၊ တောင်ခံသော အခကြေးငွေမတူညီပဲ ကျောင်းလခများလည်း မကြာမီက တက်လာခဲ့ကြောင်း သိရသည်။

❂

mgyoe.com

mgyoe.com

# ဘယ်နေရာ သွားကျောင်းတက်မလဲ

မကြာသေးမီနှစ်များအတွင်း
စီးပွားရေးလုပ်ငန်းပညာ
နိုင်ငံတကာအနှံ့
ခြေဆန့်လာခဲ့ခြင်းကြောင့်
ကျောင်းသားကျောင်းသူများအနေဖြင့်
ဘယ်နေရာသွား
ကျောင်းတက်ရရင်ကောင်းမလဲဟု
တွေးစရာ၊ ရွေးစရာတွေ ဖြစ်လာခဲ့သည်။
ထို့ကြောင့် စီးပွားရေးလုပ်ငန်း
ပညာသင်ကျောင်းများက
သင်ကြားမှုအရည်အသွေး၊
ကျောင်း၏ အဆင့်အတန်း
အနိမ့်အမြင့်တွေကိုသာမက ယဉ်ကျေးမှု
အရည်အသွေး၊ လူမှုရေးနှင့်
အားကစားအစီအစဉ်တွေကိုပါ
ထည့်သွင်းကြော်ငြာကြ၊
အချိန်ကုန်ငွေကုန်ခံလာကြသည်ကို
တွေ့ရသည်။

စီးပွားရေးလုပ်ငန်းပညာ မဟာဘွဲ့ (MBA) ရယူကြသူများအနေဖြင့် ဘယ်နေရာမှာကျောင်းတက်ရမလဲ ဆိုသည့် ကိစ္စကိုလည်း စိတ်ဝင်စားကြသည်။ လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ကနေဒါတို့ အမေရိကန်တို့တွင် အမ်ဘီအေဘွဲ့ရပြီးသူတစ်ယောက်က အာရှတွင် ထပ်မံ၍ ဘွဲ့ယူရန် ကြိုးစားသည်ကို တွေ့ရရာ ဘာကြောင့်မှန်း တော်တော်နှင့် သဘောမပေါက်။ နောင်ကျမှသာ အာရှ၏လုပ်ပုံ လုပ်နည်းတွေ၊ စီးပွားရေးဓလေ့ထုံးစံတွေသိချင်၍ အာရှတွင် လာတက်ခြင်းဖြစ်ကြောင်း သိရသည်။ တစ်နှစ်က အမေရိကန်နိုင်ငံ – ဝါရှင်တန်ဒီစီတွင် တွေ့ကြုံခဲ့ရသော သမီး တစ်ယောက် မြန်မာပြည်တွင် အမ်ဘီအေလာတက်ချင်ကြောင်း ပြောပြဖူးသည်။ သူ့ရည်ရွယ်ချက်ကို သေသေချာချာမသိပါ။

မကြာသေးမီနှစ်များအတွင်း စီးပွားရေးလုပ်ငန်းပညာ နိုင်ငံတကာအနှံ့ ခြေဆန့်လာခဲ့ခြင်းကြောင့် ကျောင်းသားကျောင်းသူများအနေဖြင့် ဘယ်နေရာသွား ကျောင်းတက်ရရင်ကောင်းမလဲဟု တွေးစရာ၊ ရွေးစရာတွေ ဖြစ်လာခဲ့သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းပညာသင် ကျောင်းများက သင်ကြားမှုအရည်အသွေး၊ ကျောင်း၏ အဆင့်အတန်းအနိမ့်အမြင့်တွေကိုသာမက ယဉ်ကျေးမှု အရည်အသွေး၊ လူမှုရေးနှင့် အားကစားအစီအစဉ်တွေကိုပါ

mgyoe.com

mgyoe.com


ထည့်သွင်းကြော်ငြာကြ၊ အချိန်ကုန်ငွေကုန်ခံလာကြသည်ကို တွေ့ရသည်။ ကျောင်းသားတစ်ယောက်အနေဖြင့် ရာသီဥတုကောင်းတာတွေ၊ အစားအသောက်ကောင်းတာတွေ၊ စကိတ်စီးလို့ကောင်းတာမျိုးတွေကဲ့သို့သော အပျော်အပါးတွေကို အခြေခံကာ လွတ်လွတ်လပ်လပ်ရွေးချယ်လိုကြမည်လား သို့မဟုတ် လုပ်ငန်းရှင်ကောင်းတစ်ယောက်ဖြစ်ရေး၊ ကုမ္ပဏီခေါင်းဆောင်တစ်ယောက်ဖြစ်ရေးအတွက် ထူးခြားမှုရှိသည့်နေရာတစ်ခုကို ရွေးကြမည်လား။

ပြင်သစ်စီးပွားရေးလုပ်ငန်း ပညာသင်ကျောင်းတစ်ကျောင်းက နေရာတစ်ခုတည်း၌သာကျောင်းဖွင့်ထားပြီး ကျောင်းခွဲမရှိသေးချိန်တွင် ထိုသို့သောရွေးချယ်မှုမျိုး မပေါ်ပေါက်ခဲ့ပေ။ ပြင်သစ်တစ်နိုင်ငံတည်းသာ ကျောင်းရှိနေသဖြင့်လည်း နိုင်ငံတကာကျောင်းဟုခေါ်၍မဖြစ်။ သို့သော် ၂၀၀၀ ပြည့်နှစ်တွင် စင်ကာပူ၌ ကျောင်းခွဲတစ်ခွဲထပ်ဖွင့်ရန် ဆုံးဖြတ်ခဲ့သည်။ အာရှနှင့် ပစိဖိတ်ဒေသကိုမျက်စိကျပြီး ကျောင်းခွဲဖွင့်ခဲ့ခြင်းဖြစ်သည်ကို ကြည့်လျှင် ကျောင်းတွေဘက်က နေရာရွေးလာကြရကြောင်း တွေ့ရသည်။

ကျောင်းအတော်များများက နေရာသည် သူတို့ကျောင်းအတွက် အဓိပ္ပာယ်ရှိသည်၊ ထူးခြားသည်ဟု ရှုမြင်ကြသည်။ ကျောင်းတစ်ကျောင်းက လန်ဒန်ဘဏ်လုပ်ငန်းများ၏ အချက်အချာ၌ရှိသည်ကို ဂုဏ်ယူသည်။ အီတလီကျောင်းတစ်ကျောင်းက ထိပ်တန်းကုမ္ပဏီတွေရှိရာ မိလန်၌ ရှိနေရသည်ကိုဂုဏ်ယူသည်။ ဂျာမန်ကျောင်းတစ်ကျောင်းကတော့ သူတို့ကျောင်းသည် အောင်မြင်နေသော ဂျာမနီလူမှုစီးပွားရေးအဆောက်အအုံကို မူလတည်ထောင်သူ (၂၅)ဦးဖြစ်သော ထိပ်တန်း ကုမ္ပဏီ ၂၅ ခုနှင့် ကျောင်းသားတွေ နီးနီးစပ်စပ်ဆက်ဆံရာမှ သိရှိအကျိုးများနိုင်ကြောင်း ပြောကြားသည်။

အခြားအခြားသော ကျောင်းတွေကလည်း နေရာထိုင်ခင်းကောင်းမွန်ရေးသည် အခြားစီးပွားရေးဈေးကွက်တစ်ခု၏ အလေ့အထကို နားလည်ရန် အခြေခံကျကြောင်း ညွှန်းဆိုလေ့ရှိသည်။ ဥရောပရှိ အမ်ဘီအေကျောင်းတွေက အင်္ဂလိပ်ဘာသာဖြင့် သင်ကောင်းသင်မည်ဖြစ်သော်လည်း စပိန်ဘာသာ၊ ပြင်သစ်ဘာသာနားမလည်၊ အိမ်ရှင်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများလည်ပတ်ပုံကို သဘောမပေါက်ဘဲ လာရောက်သောကျောင်းသား ရှိခဲ့လှသည်။ ကျောင်းသားသည် အခြားနိုင်ငံတစ်နိုင်ငံတွင် တစ်ချိန်လုံး အချိန်ပြည့်ရှိနေစရာပင် မလို။ အမေရိကန်ကျောင်းတစ်ကျောင်း ဆိုလျှင် နှစ်နှစ်စာသင်တန်းချိန်၏အများစုကို အမေရိကန်တွင် အချိန်ကုန်နိုင်သကဲ့သို့ ဂျပန်နှင့် တောင်ကိုရီးယားကဲ့သို့သော နိုင်ငံများ၌ မိတ်ဖက်တက္ကသိုလ်များတွင် ကျောင်းသားဖလှယ်ရေးအစီအစဉ်အရ သွားရောက်နိုင်သည်။

တစ်ဖန် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုကို နားလည်ရန်ကျွမ်းဝင်ရန်အတွက် ကျောင်းသားတစ်ယောက်သည် အခြားနိုင်ငံတစ်နိုင်ငံကို ကိုယ်တိုင်သွားရောက်ရန်နှင့် အလုပ် လုပ်ရန်လည်း လိုအပ်မည်မဟုတ်ပေ။ ရောက်ရာနေရာမှလည်းရနိုင်သည်ဆိုလျှင် လာနေစရာ မလိုပေ။ လွန်ခဲ့သည့်ဆယ်နှစ်ခန့်အတွင်း စီးပွားရေးလုပ်ငန်းပညာသင်တက္ကသိုလ်များ အထူးသဖြင့် ဥရောပရှိ ကျောင်းများသည် ကျောင်းသားပေါင်းစုံပါဝင်သော အခန်းများဖြစ်အောင် လုပ်ပေးလာကြသည်။

mgyoe.com

ကိန်းဘရစ်ချ်တက္ကသိုလ်တစ်ခုဆိုလျှင် ၃၅ နိုင်ငံမှ ကျောင်းသား များလာရောက် တက်ကြသည်ကို တွေ့ရသည်။ စပိန် တက္ကသိုလ် တစ်ခုဆိုလျှင် ၆၈ နိုင်ငံမှ ကျောင်းသားများ တက်ရောက်ကြ သည်။ အဆိုပါ နိုင်ငံမှ ထိပ်တန်း ကျောင်းသားတစ်ယောက်နှင့် အတူနေထိုင် ရင်းနှီးကာ စီးပွားရေးလုပ်ငန်းများ၏ ပြဿနာ များကို ဆွေးနွေးဖြေရှင်းခြင်းထက် ပိုကောင်းသော နည်းမရှိဟု စီးပွားရေးလုပ်ငန်းပညာသင် တက္ကသိုလ်တွေကဆိုသည်။ တက္ကသိုလ်တစ်ခုကို တက်ရုံဖြင့် ယဉ်ကျေးမှု အမျိုးမျိုးရရှိသွား နိုင်သော သဘောဖြစ်သည်။

ထိုနည်းထက်ပို၍ လွယ်သောနည်းရှိသေးသည်။ ကျောင်းသားတွေ၊ ကျောင်းထဲ ရောက်လာပါဟု ဆွဲဆောင်ရန်ပင် ခက်လာသည်။ အကယ်၍ အနာဂတ်နှင့် ပတ်သက်သော ဟောပြောချက်တွေ မှန်ကန်မည်ဆိုလျှင်၊ မျိုးဆက်သစ်တွေ အတွက် တစ်မျိုးဖြစ်မည်။ ၁၉၉၀ ပြည့်နှစ်မတိုင်မီ မွေးဖွားသော လူတွေကသာ အောင်မြင်သော လုပ်ငန်း ရှင်ပညာရှင် အချင်းချင်း ဆက်ဆံရေး ဖြစ်မြောက်ရန်၊ မျက်နှာချင်းဆိုင် ဆက်ဆံရေး ရှိရန် လိုအပ်သည်ဟု ယူဆကြသည်။သို့သော် နောက်ပိုင်း တွင်မွေးဖွားသောလူငယ်တွေက ထိုအယူအဆ မျိုးကို သိပ်လက်ခံ ချင်ပုံမရ။ ထူးချွန်ထက်မြက်သော လူငယ်တွေက၊ အင်တာနက်သုံးပြီး အဆက်အသွယ်လုပ်ရင်း ကြီးပြင်း လာခဲ့ကြခြင်းဖြစ်သည်။ သူတို့က ရှေးဆန်သော မျက်နှာချင်း ဆိုင် တွေ့ဆုံခြင်းထက်၊ နည်းပညာ သုံးတွေ့ဆုံမှုတွေက၊ ပို၍ အဓိပ္ပာယ်ရှိ သည်ဟု ယူဆကြသည်။



နည်းပညာ တိုးတက်ဖြစ်ထွန်းမှုတွေက အတန်းထဲတွင် ရရှိခဲ့သော အပြန်အလှန် ဆက်ဆံမှုမျိုးတွေကို ရယူ အသုံးချနိုင်အောင် အထောက်အကူဖြစ်သည်။ အင်တာနက်တွင်၊ ပုံရိပ်ယောင် စာသင်ခန်း

mgyoe.com



တွေလုပ်ပေးထားပြီး ဆရာတွေနှင့်သာမက ကျောင်းသားအချင်းချင်းပါ တွေ့ဆုံကာ အခန်းထဲတွင် ဆွေးချင်းကပ်ပြီး ထိုင်ပြောနေသကဲ့သို့ စိတ်ကူးစိတ်သန်းတွေ၊ အကြံဉာဏ်တွေ၊ ဖလှယ်ခွင့် ရအောင် ဆောင်ရွက်ပေးထားသည်။ ထို့ကြောင့် မကြာမီ 'အမ်ဘီအေ ဘွဲ့ယူဖို့၊ ဘယ်နေရာက ကျောင်းကို တက်ရင် အကောင်းဆုံးဖြစ်မလဲ၊' ဟူသောမေးခွန်းသည်ပင် ခေတ်နောက်ကျသွားနိုင်သည်။ တချို့ကျောင်းတွေဆိုလျှင် အာရှ၊ ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ တောင်အမေရိက တို့ကဲ့သို့သော ကမ္ဘာတဝန်းက ကျောင်းတွေနှင့်ပါ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိနေသည်။

အာရှရှိ စီးပွားရေးလုပ်ငန်းပညာသင်ကျောင်းတွေက အမေရိကန်နှင့် ဥရောပရှိ တက္ကသိုလ်များနှင့် သင်ရိုးချင်းပုခုံးယှဉ်နေချိန်တွင် အာရှကျောင်းများအတွက် နေရာသည် အရေးကြီးသည်ဟုဆိုနိုင်သည်။ ဂျပန်ကျောင်းတစ်ကျောင်းဆိုလျှင် နိုင်ငံ ၂၀ မှ ကျောင်းသားတွေ လာ တက်ကြရာ ဂျပန်ကျောင်းသားအနည်းစုသာဖြစ်ပြီး သင်ရိုးညွှန်းတမ်းကလည်း အင်္ဂလိပ် ဘာသာဖြင့် ပြုစုသင်ကြားပို့ချသည်။ စီးပွားရေးတိုးတက်မှုအရှိန်အဟုန်ကောင်းနေသော အာရှ ဒေသကို စိတ်ဝင်စားမှုများပြားချိန်၌ အာရှဈေးကွက်အကြောင်း စိတ်ဝင်စားသူတွေကို အာရှဒေသရှိ စီးပွားရေးလုပ်ငန်းပညာသင်ကျောင်းများက ဆွဲဆောင်နိုင်မည်ဟု တွက်ဆရသည်။



mgyoe.com

mgyoe.com

# ကိုယ်တွေ့ အမ်ဘီအေ

စီးပွားရေးလုပ်ငန်း ပညာသင်တက္ကသိုလ်ကို သွားရတဲ့အခြေခံ ရည်ရွယ်ချက်က ပုဂ္ဂလိကအရင်းအနှီး ငွေကြေးလောကထဲကို ဝင်ရောက်ချင်လို့ပါ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ပထမဆုံးအတန်းဖော်ကို တွေ့လိုက်ချိန် ကတည်းက ဒီကိစ္စဟာ သိပ်လွယ်တဲ့ ကိစ္စမဟုတ်ဘူးဆိုတာ သဘောပေါက်တယ်။ ကမ္ဘာပေါ်က အတော်ဆုံး လူ (၃၁၉) ယောက်နဲ့ ယှဉ်ပြိုင်ဖို့ဆိုတာ အတော်လည်းကြိုးစားရတဲ့ စိန်ခေါ်မှုတစ်ခုပါပဲ။

သာမန်ပြောရရင် ကျွန်တော့်ဇာတ်လမ်းက ဖြစ်ရိုးဖြစ်စဉ်ဇာတ်လမ်းလေးတစ်ခုပါပဲ။ အခမဲ့ဝေငှဖြန့်ဖြူးတဲ့ သတင်းစာစောင်တွေမှာ ထည့်ရလောက်အောင်တောင် မကောင်းလှပါဘူး။ ဒါပေမဲ့ ကျွန်တော်ဟာ ကျွန်တော့် နှလုံးသားရဲ့အလိုဆန္ဒကို လိုက်နာ၊ ပေးသမျှ အကြံ ဉာဏ် အားလုံးကို ဆန့်ကျင်ပြီး အတော်အတန်လည်း အောင်မြင်မှု ရှိတဲ့အလုပ်အကိုင်နဲ့ ရာထူးတက်မယ့် အရိပ်အယောင်တွေကို နယူးယောက်မှာ စွန့်ပယ်ထားခဲ့ပြီး၊ လန်ဒန်က စီးပွားရေး လုပ်ငန်းပညာသင်တက္ကသိုလ်တစ်ခုကို အမ်ဘီအေဘွဲ့ ရဖို့သွားတက်ခဲ့တယ်။ ကိုယ့်ဇာတ်လမ်းကို ပြန်ပြောပြနိုင်ဖို့ စီးပွားရေး အကြပ်အတည်းဒဏ်က လွတ်ပါ့မလားတောင် မပြောတတ်ဘူး။

စီးပွားရေးလုပ်ငန်း ပညာသင်တက္ကသိုလ်ကို သွားရတဲ့အခြေခံရည်ရွယ်ချက်က ပုဂ္ဂလိကအရင်းအနှီး ငွေကြေးလောကထဲကို ဝင်ရောက်ချင်လို့ပါ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ပထမဆုံးအတန်းဖော်ကို တွေ့လိုက်ချိန် ကတည်းက ဒီကိစ္စဟာ သိပ်လွယ်တဲ့ကိစ္စမဟုတ်ဘူးဆိုတာ သဘောပေါက်တယ်။ ကမ္ဘာပေါ်က အတော်ဆုံးလူ ၃၁၉ ယောက်နဲ့ ယှဉ်ပြိုင်ဖို့ဆိုတာ အတော်လည်းကြိုးစားရတဲ့ စိန်ခေါ်မှုတစ်ခုပါပဲ။ လေ့လာဆည်းပူးစရာ၊ ပြုပြင် ပြောင်းလဲ

mgyoe.com

mgyoe.com
စရာ၊ စိတ်အားထက်သန်စရာတွေ ရနိုင်သလို ကိုယ့်အတွက်ရဲ့ ရစ်ပတ်နှောင်ဖွဲ့မှုနဲ့ ဝါးမြိုမှုကိုလည်း ခံရနိုင်တယ်။ ပုဂ္ဂလိကအရင်းအနှီးလောကထဲ ဝင်ဖို့ဆိုတာ ဘဏ်လုပ်ငန်းအတွေ့အကြုံ၊ ကုမ္ပဏီဘဏ်လုပ်ငန်းအတွေ့အကြုံမရှိရင် အန္တရာယ်ကြီးတယ်လို့ ပြောကြတယ်။ ဒါကြောင့် ရင်းနှီးမြုပ်နှံမှုဘဏ်လောကထဲ ဝင်ဖို့စတင်ပြင်ဆင်ခဲ့တယ်။ အဲဒီအချိန်အထိ ကျွန်တော်က ပျော်ပျော်ရွှင်ရွှင်၊ အကောင်းမြင်တယ်၊ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချနေခဲ့တယ်။ အောင်မြင်မှုဟာ လက်တစ်ကမ်းမှာ ရှိနေတယ်။

ကျွန်တော့်ဘဝကို ကြိုတင်ခန့်မှန်းတာထက် ပိုကောင်းတဲ့ ဘဏ္ဍာရေးပုံစံတွေကို ကျွန်တော်တည်ဆောက်နိုင်ခဲ့တယ်။ ဒါပေမဲ့ "အချိတ်အဆက်–အဆက်အသွယ်" လို့ ပြောကြသုံးကြတဲ့ ဝေါဟာရကို ကျွန်တော်မကြိုက်ဘူး။ ဒီအတွက် ကျွန်တော်နှောင့်တရစရာ ဖြစ်လာတယ်။ ကျွန်တော်ရဲ့ သူငယ်ချင်းတွေက သူတို့အစီအစဉ်တွေချနေတဲ့အချိန်မှာ ကျွန်တော်က ဘေးမှာ အံ့အားတသင့်နဲ့ ကြည့်နေခဲ့တယ်။ ကျွန်တော်လုပ်ရမယ်လို့ သဘောပေါက်တဲ့ အချိန် ရောက်တော့ အလုပ်ခန့်ထားဖို့ လာခေါ်ကြတဲ့အချိန်ကာလတွေ ကုန်သွားပြီ။ အလုပ်ခန့်ဖို့ လာရှာကြတဲ့ ဘဏ်တွေလည်း ပြန်သွားကြပြီ။ ကျွန်တော့်ရဲ့အလုပ်လျှောက်လွှာနဲ့ ကိုယ်ရေးရာဇဝင်က ဘယ်လောက်ပဲကောင်းနေပါစေ၊ အချိတ်အဆက်မရင် ကိုယ်ဘာမှမဖြစ်နိုင်ဘူး။

အဲဒီအခါကျမှ ပျာယာခတ်ပြီး ရသမျှအလုပ်တွေ အကုန်လိုက်လျှောက်ဖို့ ကြိုးစားတယ်။ ဒါလဲနောက်ထပ်အမှားကြီးတစ်ခုပဲ။ ကျွန်တော်အာရုံတွေ လွင့်ကုန်ပြီ။ အလုပ်အတော်များများက ကျွန်တော့်ကို ပယ်ကြတာ။ ဘာလို့လဲဆိုတော့ ကျွန်တော်မှ စိတ်မဝင်စားတာကိုး။ အလုပ်ခန့်တဲ့သူတွေက သိပ်တော်ကြတယ်။ အပေါ်ယံကိုကျော်ပြီး မြင်အောင်ကြည့်နိုင်ကြတယ်။

ရင်းနှီးမြှုပ်နှံမှုဘဏ်နှစ်ခုနဲ့ပဲ လူတွေ့ဖြေခဲ့ရတယ်။ အံ့အားသင့်စရာကောင်းတာက ဘဏ်တစ်ခုက ကျွန်တော့်ကို သိပ်ဖော်ရွေလွန်းတယ်ဆိုပြီး ပယ်ခဲ့တယ်။ နောက်ဘဏ်တစ်ခုကျတော့ ကျွန်တော့်ကို တန်းစီဇယားထဲမှာ ထည့်ထားပြီး တော်တော်လေးကြာမှ ကျွန်တော့်အတွက် နေရာလပ်မရှိဘူးလို့ ပြောတယ်။ စိတ်ပျက်လက်ပျက်ဖြစ်လိုက်ပုံ၊ အားကိုးရာမဲ့ဖြစ်ပုံများကတော့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ ကြွေးတွေကလည်းတက်၊ ဘွဲ့တစ်ခုရဖို့ ကြိုးစားခဲ့တာလည်း ဘယ်လိုမှခရီးမတွင်။ နောက်ဆုံးမတော့ ကျွန်တော်မလုပ်ချင်လို့ထားပြီး ကျောင်းတက်ခဲ့တဲ့ အလုပ်ကိုပဲ နွေရာသီမှာ လုပ်ရတော့တယ်။

ဒီနေရာမှာ ဘဝတစ်လျှောက်တွေ့ကြုံခဲ့တဲ့ သင်ခန်းစာတွေက လာပြီးအထောက်အကူပေးတော့တယ်။ အဆောင်နေကျောင်းသားတစ်ယောက်အနေနဲ့ ကြီးပြင်းလာခဲ့ရတာ တစ်ပန်းသာတယ်။ နောက်ဆုံးခရာမမှုတ်သေးသမျှ မပြီးသေးဘူးဆိုတာ သင်ပေးတယ်လို့ ကျွန်တော်ထင်တယ်။ ခရာမှုတ်ပြီးတာတောင်မှ အချိန်ပိုဆိုတာ ရှိသေးတတ်တယ်။ ၂၀၀၉ ခုနှစ် ရောက်တော့ စွဲစွဲလမ်းလမ်း၊ ခွန်အားအပြည့်နဲ့ အလုပ်လိုက်ရှာတယ်။ စောစောတုန်းကလို တွေ့သမျှအလုပ်တွေ အကုန်လိုက်လျှောက်နေတာမျိုးမဟုတ်ဘဲ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဘဏ် လုပ်ငန်းတွေကိုပဲ တိုက်ရိုက်ရွေးလျှောက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့ပြီးတဲ့နောက် ၂၀၀၉ ခုနှစ် အဆုံး

mgyoe.com